ကဲ..နောက်မေးခွန်း တစ်ခုပဲကျန်တော့တယ် မေးကြ..မေးကြ
မောင်သိန်းတို့သား အမိနှစ်ယောက် နှင့်တစ်ယောက်ခေါင်းချင်းဆိုင်ကာ တိုင်ပင်ကြတော့သည် ။
ကျွန်ုပ်ဘက်သို့လည်း အားကိုးတကြီးလှည့် ကြည့်သေး၏ပြီးမှ..
ဟို..ဟိုလေ..သားကြီး..ငါ့ပြည် မရောက်ရင်ပြီးတာပါပဲလို့ ဆွဲ..ဆွဲကြိုးတစ်ကုံးဆက်သ ပါမယ်လို့..ပြောပေးပါ..နောက် ပြီးတော့..ဟို..ဟိုလေ..
ခေါကြီးအမေ ရှေ့ဆက်ပြောရန်စဉ်းစားနေစဉ်...မိုးခိုးငွေများ လျှင် ပျယ်၍ ခေါကြီး ပုရိပ်ကား ပျက်ခနဲ ပျောက်ကွယ် သွားတော့၏ ။
ဟာ..


ဟင်..အစ်ကိုကြီး မရှိတော့ဘူး..
ဟင်..သာကြီးမရှိ တော့ဘူး..ပျောက်သွားပြီ ဗိုက်ကလေး..လှုပ်ပါဦး
မရတော့ဘူး..အခေါ် ဒါတောင်မနည်းခေါ်ထားရတာ သူတို့လောကမှာလည်းဆိုင်ရာ ဝိုင်ရာဆီခွင့်တောင်းရတာ ခေါ်ချင် တိုင်းခေါ်လို့ရတာမဟုတ်ဘူး..
တဲ့အပြင်မှကြည့်နေကြသော ရွာသားများမှာ...ထိုအခါကျမှ လှုပ်လှုပ်ရွရွ..ဖြစ်လာကြသည်။
တော်တော်များများက ဗိုက်ကလေးကို ဝိုင်း၍ ယုံကြည်သွားကြပုံရချေ၏။
ရှင်းတယ်ကွာ အသေအချာကို တစ္ဆေကိုခေါ်ပြတာ..


တချို့ကတော့..ယုံတစ်ဝက်မယုံ
တစ်ဝက်..။ကျွန်ုပ်ကားမည်သို့
ဆုံးဖြတ်ရမည်ကို ပင်မသိ ။
ဒေါ်ကြီးအမေကတော့နည်းနည်း
ဒေါသ တက်ချင်ပုံရသည် ။
ဒါနဲ့ ဗိုက်ကလေးရယ်
ကိုမှာလည်း..ချမ်းသာသမျှ
ဒီ ဆွဲကြိုးလေးပဲရှိတာ..ဘယ်လို
လုပ်မလဲ..
ကတိပေးထားတယ်
မဟုတ်လား..
ကတိတော့ ပေးလိုက်တာပေါ့လေ..
ငရဲ ကျမယ်ဆိုတော့လည်း မတတ်သာ
ဘူးပေါ့..ဒါနဲ့ဆွဲကြိုးလေးကို
ဘယ်လိုပေးရမှာလဲ..
မေသိန်းက စဉ်းစားဟန်
ပြုပြီး..
အစ်ကိုကြီး..ဆွဲကြိုးရ..မရကို
ဘယ်လိုလုပ်ပြီး သိမှာလဲ..
ဟုတ်တာပေါ့
ဒါ..မေးသင့်တဲ့
အချက်ပဲ..


ဦးအတွက်မပူပါနဲ့..အရှေ့က ညောင်ပင်ကြီးမှာ..ထူးခြားတဲ့ နိမိတ်တွေပြလိမ့်မယ်.. ဆွဲကြိုးပေးပြီး..သုံးရက် အတွင်းစောင့်ကြည့်ပေါ့..
ကဲ..ကဲ..ဦးနေအဝိုတော့ ဦးလောက်ပဲ..အားလုံးပြန်နိုင် ကြပြီ..ကျွပ်လည်း အဝိဋ္ဌာန် ဆက်ဝင်ရဦးမယ်..
သမ္မေသတ္တာ.. ကံ မသတ္တာ
ပြောပြီး..ဝိုက်ကလေးကား မျက်လွှာကိုချ၍ ပုတီးစိပ်လေ တော့သည်။
တဲပေါ်က..လူတစ်စုမှာမအီမသာဖြင့် အောက်ကိုဆင်းကြရချေသည်။
ကျွန်ပ်လည်း..မှဆိုးဗိုဗိ နာနာဘာဝကို အယုံအကြည်နည်းရကားအားလုံး ဆင်းကုန်ကြသော်လည်းကျွန်ုပ်ကား မဆင်းသေးဘဲ မတ်တတ်ရပ်၍..တဲ အတွင်းကို လျှောက်ကြည့်ချေ၏။


ဗိုက်ကလေး၏နောက်မှ ကာရံထားသောပိတ်ခြေမြူ၏
နောက်ကွယ်ကိုကျွန်ုပ်ကြည့်ချင် စိတ်ကတားမရ။တပည့်
ဖြစ်သောဗိုက်ကလေးကို ကျွန်ုပ်ကြောက်ရန်မလိုချေ။
ကျွန်ုပ်၏ခြေလှမ်းများကိုသိနေသော
ဗိုက်ကလေးမျက်လွှာချချကာ
ဆရာတွတ်..ဒီဘက်မလာနဲ့
ညည်းတားထားတယ်...ညည်း
ကျော်သွားရင်သေသွား
လိမ့်မယ်..
အေးပါကွာ..မင်းရဲ့ပိတ်ခြေမြူ
ကြီးကို..ကြည့်ချင်လို့ပါ..တို့ကြည့်
ဖူးတဲ့ပြဇာတ်တွေထဲကလို
များလားလို့..
၁၂၆


ဗိုက်ကလေးက..ကျွန်ုပ်ကို..ခပ်နမ်းနမ်းကြည့်ကာ ။
ကိုယ့်ဆရာသမားမို့သည်းခံလိုက်တာ တခြားလူဆို..ဘွေးနမ်းအဲ့သွားပြီး အသက်ပါပါသွားလိမ့်မယ်..သိလို့ပြီး သံသယဖြစ်နေရင်..ဒီမှာကြည့်..
ကျွန်ုပ်လည်း..ကပျာကယာ လှမ်းကြည့်လိုက်ရာ ။
ဘာကိုမှမတွေ့ဟာလာဟင်းလင်း ကြီးသာတည်း ။




ရွာသားအုပ်စုကားအတော်ဝေးဝေးသို့ရောက်နေချေ၏။ထို့ကြောင့်
ကျွန်ုပ်မှာ အပြေးလိုက်ရတော့သည်။




ဒ..ဒီ..ခ..ခေါကြီး
အနောက်က..လ..လိုက်
လာပြီ..ထင်တယ်..
ရွာအပြင်..အသမိုသွားရင်
ဒုက္ခ..အကာဝ်မခံနဲ့..ပြေးကြ
ပြေးကြ
ခေါကြီးရေ..အမျှ..အမျှ..
ရွာသားတို့အော်ဟစ်
ပြေးသံကြောင့်
ကျွန်ုပ်ဝိစိတ်ပျက်သွား၏။
ကျွန်ုပ်မှ..အသံကုန်ဟစ်အော်ရင်း
သူတို့နောက်မှအပြေးလိုက်
ရ၏။


ညအမှောင်ထဲ၌ ကျွန်ုပ်လေးသံကို သူတို့ကြားကြ ပေလိမ့်မည်။ သို့သော် တုံ့ပြန်သံမပြုဘဲပြေးမြဲ ဆက်ပြေးနေကြ၏။
အယောင်ဆောင်တွေ ပါလာပြီ.. ပြေး ပြေး
ဟာ.. ဘယ်လိုလူ တွေလဲ.. ကဲသိကြ ရောပေါ့ကွာ..
ကျွန်ုပ်လည်း မထူးတော့ပြီဖြစ် သဖြင့် မုဆိုး၏ပြေးနေကျ ခြေလှမ်းကို အရှိန်မြှင့်၍ အားကုန်ပြေးလိုက်ရှာ။
၁၃၀
ညအမှောင်ထဲ၌ လူအုပ်ရှေ့သို့ပင် ကျော်တက်သွားချေတော့၏။
ဟာ...
ဟယ်...


ကျွန်ုပ်အတော်ကြီးမောဟိုက်နေ၍ ခဏရပ်ကာ..ရွာထိပ်ဝ၌လူအုပ်ကို စောင့်နေမိသည်။
ရွာသားများ ပြေးလာရင်းရွာ ထိပ်မှာရပ်နေသောကျွန်ုပ်ကို တွေ့မြင်သွားသောအခါ။
ငါပြောသားပဲ..ဦးတွတ်ပီက ရှေ့ကကြိုသွားနှင့်နေတာ တွေ့လား
အဲ့..
အေးကွာ..ကြည့်စမ်း..ခုနက..ငါ ဦးတွတ်ပီလို့ပြောသံက..မောင်ကြီးက ဟန်ဆောင်ပြီးပြောတဲ့အသံပဲဖြစ်မယ် ဘုရား..ဘုရား..ကြက်သီးတောင် ထတယ်..
အေးပေါ့လေ..မောင်ကြီးက တို့တွေကိုမြင်တော့ဝမ်းသာ အားရနဲ့လိုက်လာတာပဲဖြစ် မယ်ကွာ..သနားပါတယ်..
ဟုံး?
၁၃၁


ကျွန်ုပ်မှာသူတို့..တစ်ယောက်တစ်ပေါက်ပြောဆို
သံကို ပြန်လည်ပြောဆိုခြင်းမလုပ်တော့ချေ။
ညဉ့်လည်းနက်နေချေပြီကိုး။
ကဲ..ပြန်ကြမယ်..အိပ်ချင်ပြီ
သူတို့ကြောက်
နေတာကြည့်ပြီး
ငါတောင်အခါ
ရှာမထွက်ဝံ့
တော့ဘူး
ထိုညက ဗိုက်ကလေးသတင်း
ကားပြောမဆုံးပေါက်တော
သုံးတောင်ဖြစ်ခဲ့ချေတော့သည်။
ဗိုက်ကလေး
အဲ..ဆရာဗိုက်ရဲ့အစွမ်း
ကတော့..အံ့လောက်ပါ
ပေရဲ့..
နောက်မှပဲ..မနေ့ကဆုံးသွားတဲ့
ကျွန်မညီမလေးအကြောင်း
ကို ဗိုက်ကလေးကို..မေးကြည့်
ဦးမယ်..
ဟဲ့. ကော်ကြာ..ခေါ်ကြီးလို
လူလယ်ခေါင်မှာတုံးလုံး
ကြီးပေါ်လာမှ..ခက်နေ
ဦးမယ်..
အဲ့..


နောက်တစ်နေ့နံနက်ကား...ကြက်တိုင်း
ရွာ၏ အထူးခြားဆုံးနေ့ပင်တည်း။ တစ်ရွာ
လုံးတစ်နေကုန် ပြောဆိုနေကြသည်ကား
ဝိုက်ကလေးသတင်းမှတစ်ပါးတခြား
သတင်းမရှိတော့ချေ။
ကြားပြီးပြီလား ဆရာဝိုက်ကာ ခေါ်ကြီး....
ရှင်းမှရှင်းတော် ရှင်းတာမှခေါ်ကြီး ကိုယ်တုံးလုံးနဲ့ငုတ် တုတ်ကြီးပေါ်လာတာ တဲ့....


ဝေါက် ... ဗိုက်ကလေးရဲ့
အခွမ်းအခ ဒီလောက်ရှိမှန်းမသိတာ
နာတယ်ကွာ..ထီလေးဘာလေး
ပေါက်အောင် ဂဏန်းလေးဘာလေး
သွားတောင်းဦးမှ
ဪ..ဗိုက်ကလေး
ဗိုက်ကလေး..ငါကိုကြီး
ပွဲအောင်..မခ နိုင်ဦးမှ
ငါကသူ့ကိုထန်းရည်တိုက်
နေကြဆိုတော့
ဟဲ..ဟဲ..
အကြွေး
ကိုများ
မသေးမျှင်ကား..တစ်ရွာလုံး
နားမဆံ့အောင်ကြားရသော
ဗိုက်ကလေးသတင်းကြောင့်
မျက်နှာတစ်ခုလုံး..ပြူးရည်
ခွက်ပေါ်မှောက်ကျသလို ချိုအီ
နေတော့သည်။
သိပြီးသား..သိပြီးသား
မောင်လေးတစ်နေ့ဒီလို
ဖြစ်လာမယ်ဆိုတာ..
ကိုကိုထွတ်..ရွာကလူတွေ
ပြောကြတာ အမှန်ပဲလား
ဟင်..
အင်း..
ကျွန်ုပ်မှာ..သက်ပြင်းရှည်ကြီးကို
ချကာ..အင်း လုပ်ရတော့သည်။
သူယုံချင်
နေပြီ
၁၃၅


ပြောနေကြတာပါပဲကွာ.. တို့ ရွာသားတွေကလည်း တစ်ဆိတ်ကို တစ်အိတ်လုပ် ချင် နေကြတာ..
ကျွန်ုပ်စကားကိုမသေးမျှင်ကား သိပ်မကျေနပ်ချင် ။
... ဟုတ်လို့ပြော တာပေါ့တော်..
မဟုတ်ဘဲနဲ့ ဘယ်သူက လေကုန်ခံပြီး ပြောပါ့ မလဲ..ကျုပ်ပြင့်..ကျုပ် မောင်လေး..ဒီလိုအစွမ်း ထက်တဲ့သူ တစ်နေ့တော့ ဖြစ်လာလိမ့်မယ်အထင်သား တော်..
ဝါး
ဘယ်လို..ဘယ်လိုကွ မျှင်က..ကြိုသိနေတယ် ပေါ့..


ဟုတ်တယ်တော့ သူ့ကိုမွေးတုန်းက အမေ ပြောဖူးတယ်..အချင်း စလွယ် သိုင်းပြီး မျက်နှာဖုံးခွပ်နဲ့ မွေးလာတာတဲ့..
ထူးခြားမယ့် ကလေးပဲ..
အချင်းက..တစ်ခုပါပဲတယ်လို့ ကြားဖူးပါတယ်..မင်းဟာက စလွယ်သိုင်းတယ်..မျက်နှာဖုံး လည်းခွပ်တယ်ဆိုတော့..မဟုတ် သေးပါဘူး..
အိုတော်..အမေပြောတာပဲ နောက်ပြီး..တုန်းဘောင်ရွာမှာ တုန်းက နာမည်ကြီးဗေဒင် လက္ခဏာ ပုရောဟိတ်ဆရာညွှာက ပြောဖူးတာရှိသေးတယ်..
ဘာတဲ့ လဲ..
ဝိုက်ကလေး ဇာတာကို ခန်ပြီး..အကြားအမြင်ပေါက် နိုင်တဲ့..ဘာလက်ခွပ်ဆိုလား....ပါ တယ်တဲ့..အသက်ကြီးလာရင် ဘာသနာ့ဘောင်ကိုဝင်ပြီး လူ ဝတ်ကိုစွန့်မယ်တဲ့..နောက်ပြီး တန်ခိုးကြီးမယ်တဲ့..
၁၃၆


ဟာ..မသေးမျှင်..မင်း ပေါက်ကရတွေလာပြော မနေနဲ့..မိုးကြိုးတွေပစ် နေဦးမယ်..
အို..ကျုပ်ကမပြောဘဲ..ရင်ထဲ သိပ်ထားရတဲ့ စကားတော့ တစ်ရွာလုံးသိအောင်ပြောဖို့အချိန် ရောက်လာလို့ပြောတာတော့
တစ်ရွာလုံးတော့ မပြောလိုက်ပါနဲ့ကွာ..
ပြောရမှာပဲ..အခုကကိုပြော တော့မှာပဲ..ရွာတောင်ပိုင်းက မပုတို့ကိုသွားပြောလိုက် ဦးမယ်..
အဲ...
မသေးမျှင်ကား..ကျွန်ုပ်တားသည့် ကြားမှအိမ်ခြံဝင်းသို့ ဘောက်ဆတ် ဘောက်ဆတ်နှင့်ထွက်သွား တော့သည်။
ပြော..ပြော.. တစ်ကမ္ဘာလုံး ကြားအောင် ပြောဟေ့..


ကျွန်ုပ်လည်း ပြောချင်ရာပြောစေတော့ဆိုသော သဘောဖြင့် လက်လွှတ် လိုက်ရ၏။
ဗျို့..ဆရာတွတ်
အိမ်ရှေ့ကခေါ်သံကြောင့်ကြည့်လိုက်တော့ ဦးမြမောင်နှင့် မသားမျှင်တို့လင်မယားကိုတွေ့လိုက်ရသည်။
ဩော်..ဘယ်က လှည့်လာတာလဲ လာ..လာ..
ကိုမြမောင်ကား..ဟိုကြည့် သည်ကြည့်လုပ်ပြီး..ကျွန်ုပ်ရှေ့ ၌ထိုင်လိုက်၏။
တစ် ယောက်တည်း လား..မသား မျှင်ရော..
ရွာထဲကောသွားတယ် ဆိုခမ်းပါဦး..ဘာကိစ္စလဲ တောကောင်သားဝယ်မလို့ လား..
၁၃၈


အမဲဝယ်ဖို့..မဟုတ်ပါဘူးဗျာ ခင်ဗျားနဲ့တိုင်ပင်ချင်လို့..
ဆိုစမ်းပါဦး ကိုမြမောင်
ကိုမြမောင်ကား သူ့မိန်းမ..မမသေး ကို တစ်ချက်ကြည့် လိုက်ပြီး ။
ကဲ..မသေး..နင့်ကိစ္စကို ဆရာတွက်ကိုပြောလိုက်လေ
မမသေးကား..ကျွန်ုပ်ကို တစ်ချက်ကြည့်လိုက်ပြီး ။
ဒီလိုပါ..ဆရာတွက်ရယ် မနေ့ညက..ကျွန်မအိပ်မက် မက်တယ်တော့်
အိပ်မက်ထဲမှာ..ကျွန်မ အမေရယ်ပေါ့..တဘက်အစုတ် ကလေးခေါင်းပေါ်တင်ပြီး သမီးတို့ရယ် အမေဗိုက်ဆာလို့ တစ်ခုခုကျွေးပါလို့.. ပြောတာတော့..


ကျွန်မလည်း အိမ်မှာညက ကျွန်တဲ့ထမင်းကြော် လေးနဲ့..ငါးပိရည်လေး ချပေးလိုက်တော့ စားလိုက်တာ ပြောင်ရော..
ကျွန်မလည်း လန့်နိုးသွားတယ် အမေဆုံးတာ..၆လလောက်ရှိပြီ တစ်ခါမှ အိပ်မက်မမက်ဖူးဘူး ကျွန်မလည်းအိပ်မက်ကိုတွေ့ပြီး စိတ်မကောင်းဖြစ်နေတာတော့
ဒါနဲ့..ကိုမြမောင် ကို ဖွင့်ပြောတော့ သူက မိုက်ကလေးကိုမေးပြီး နင့်အမေဘယ်ဘဝရောက် နေတယ်ဆိုတာ သိရအောင် မေးကြည့်ပြီးမှ အမျှအတန်း လေးလုပ်တဲ့..ဆိုလို့..
ကျွန်ုပ်လည်း မမသော၏ စကားကြောင့် စိတ်မဒီ မသာကြီးဖြစ်သွားရချေ၏ ။
ဒီတော့..ကျွန်ုပ်က..ဘာ လုပ်ပေးရမှာလဲ..


ဦးလိုဗျာ..ဆရာတွတ်က..ဆရာတွတ် ယောက်ဖ..ဗိုက်ကလေးကိုမေးကြည့် ရင်ကောင်းမလားလို့လာတိုင်ပင်တာ..
ကိုမြမောင်ကားကြောင့် ကျွန်ုပ်မှာတော်တော်ကြီး ခေါင်းစားသွားရချေ၏။
ကိုယ့်အပေါ်အမှုမပတ်အောင် ရှောင်ရှားသောနည်းကိုအသုံး ချ၏။
ဒါဆိုလည်း..ဗိုက်ကလေး ဆီသွားမေးကြလေဗျာ..
ဦးလို..သွားမေးလို့ မရဘူး
ခင်ဗျား..ဗိုက်ကလေးက ရွာမှာနေချင်း..ညချင်းကိုနာမည် ကြီးနေတာ..တစ်နေ့မှတစ်ယောက်ပဲ ဟောပြောပေးတာ..အလှည့်ကျ အောင်စောင့်ဖို့က..လချီသွား လိမ့်မယ်..
၁၄၁


ကျွန်ုပ်မှာ..ကိုမြမောင်စကား
ကြောင့်အတော်အံ့ဩသွားရသည်။
ဒီလောက်
တောင်ပဲလား
ဟ..
ဒီထက်တောင် ဝိုသေးရဲ့ဗျာ..
ကိုသာရင့်အစ်ကိုမနှစ်ကဆုံးသွား
တာ..ဆရာ မိုက်ကိုဘယ်ဘဝရောက်
နေပြီလဲလို့ သိချင်လို့သွား
မေးတော့..
ရွှေတစ်ဆင်ချောင်းဘက်က
မန်ကျည်းပင်မှာနေတယ်တဲ့
သူ့အတွက်..အလှူအတန်း
လုပ်ပေးရင် ကျွတ်လွတ်
သွားလိမ့်မယ်တဲ့..
အမှုဝေရင်
ပုဆိုးလေးတော့
ထည့်ဝေပါ..
နောက်ပြီး..သူက
သေကာနီးမှာ သူ့လက်စွပ်ကို
ခွဲလမ်းသွားတော့..ဒီလိုဖြစ်ရတဲ့
လက်စွပ်လေးကို ထုခွဲရောင်းချပြီး
အလှူအတန်း လုပ်ပေးပါတဲ့..
၁၄၂


အဲ့ဒါ..ချက်ချင်းပဲလက်ခွပ်လေး ကိုသူကြီးကတော် ခေါ်ရှေ့ရင် ဆီမှာရောင်းပြီး ဘုန်းကြီးကျောင်း ကိုသွားလှူလိုက်တာတော့..
ဪ..
မနက်လည်း ရောက်ရော ဗိုက်ကလေးက ကိုသာရင်ကို ခေါ်ပြီး ပြောတယ်တဲ့..ခင်ဗျား အမေနဲ့သူနဲ့ညကတွေ့တယ် တဲ့..
ဆရာမီးမထွန်း ပါနဲ့..ဟီး..အမြင် မတော်လို့ပါ..
ခင်ဗျား..ကုသိုလ်ကောင်း မှုလုပ်ကိုင်လို့..အခု သူ ကောင်းတဲ့ဘုံးကိုရောက် သွားပြီတဲ့..
ရှင်း..
အဲဒါ..မယုံမှာနိုးလို့တဲ့ ကိုသာရင်အမေမသေခင်က.. သောက်နေကျသော ဆေးတံလေးကို သူ့သား..ကိုသာရင်ကိုပေးသွား တယ်တဲ့..
ဗျာ..
ဘယ်လို ဘယ်လို ဆေးတံက ဘယ်လို..
၁၄၃


ဒီလိုလေ..သူ့အမေဆုံးတော့ ကိုသာရင်က..သူ့အမေစွဲလမ်းခဲ့တဲ့ ဆေးတံလေးကိုအခေါင်းထဲ ထည့်ပေးလိုက်တာလေ..
အခု ဆေးတံလေးကိုပြန်ပေး လိုက်တော့ ပိုပြီး အံ့ဩသွား တာပေါ့..မိုက်ကာလေးကိုလည်း ပိုပြီး ယုံကြည်သွားတယ်.. ဒီသတင်း..တစ်ရွာလုံးသိကုန် ကြပြီ..
ကျွန်ုပ်မှာ ယုံရခက်ခက်..မယုံရ ခက်ခက်နှင့်..
ကဲပါလေ..ဒါတွေထားတော့ အခု..ခင်ဗျားတို့ ကိစ္စကိုကျုပ် ဘာလုပ်ပေးရမလဲ..
ဒီလိုလေ မိုက်ကာလေးက ဆရာတွတ်တပည့်ဆိုတော့ ဆရာတွတ်ပြောပေးရင် ကျုပ်တို့ကို ဦးစားပေးအောင် ကြည့်ပေးမှာ..ဒါကြောင့် ဆရာတွတ်ကိုအကူအညီ တောင်းရတာပါ..ဆရာတွတ်ရယ် နော်..ဆရာတွတ်
ဆရာလုံးချင်း ထပ်သွားတာပဲ..


ကျွန်ုပ်မှာ ကိုမြမောင်စကားကြောင့်
တော်တော်ကြီး အောင့်သက်သက်
ဖြစ်သွားရချေ၏ ။ တခြားလူဆိုလျှင်
ကျွန်ုပ်ငြင်းကောင်းငြင်းမည်ဖြစ်
သော်လည်း..
ဒါက ကျုပ်လေ ကျုပ်
ကိုမြမောင်ကား ကျွန်ုပ်ရိုးမတောမှပစ်၍ရသော သားကောင်
ကြီးများအား ငွေနိုက်ထုတ်၍ ဒိုင်ခံဝယ်ယူသူဖြစ်နေ၍
တစ်ကြောင်း..
ကျေးဇူးပဲ ကိုမြမောင်..
မြိုင်သာမြို့၏ စားသောက်ဆိုင်များ ကျွန်ုပ်ထံမှ
ရသော တောကောင်သားများကိုရောင်းချပေး
နေသူဖြစ်၍လည်းကောင်း၊ ကျွန်ုပ်မှာစီးပွားရေး
ချေးကြွက်၏ရှေ့အလာ အလာအတွက်ခေါင်း
ညိတ်ရချေတော့၏ ။
အင်းကောင်း ပြီလေ..
ဘယ်တော့သွား မှာလဲ..ခင်ဗျား တို့က..



အခုပဲလေ..
ဟာ..မမြန်
လွန်းဘူးလား..
ဆရာတွတ်ကလည်း
သူက..ညဘက်မှဟောတာ
အခုမနက်ကျတော့..လူရှင်း
တယ်မဟုတ်လား..
ကျွန်ုပ်မှာ ငြင်းမကောင်းသော
ကိုမြမောင်ကို..ခေါင်းညိတ်လိုက်
ရပြန်သည်။ဝိုက်ကလေးနှင့်
တွေ၍ ကျွန်ုပ်ကို ငြင်းမည်ဆိုလျှင်
ကျွန်ုပ်မှာ အရှက်ကွဲရပေဦးမည်။
မည်သို့ဖြစ်၍ ဝိုက်ကလေး၏
အခြေအနေကို..ဒုတိယအကြိမ်
စမ်းဆေးရန်လည်းကျွန်ုပ်ဆန္ဒက
ရှိနေသည်မဟုတ်လား
အင်း..
သို့ဖြင့်..ကျွန်ုပ်နှင့်ကိုမြမောင်တို့
လင်မယားမှာရွာပြင်ဘက်ရှိ..ဝိုက်
ကလေးရှိရာကိုနေပူကျဲကျဲ၌ခရီး
နှင်ရချေ၏။ပူလေစွ။


ဓိုက်ကလေးတဲရှေ့ဝိုင်းရောက်
သောအခါတွင်း၌ လူသံ
မကြားရချေ။
ကျွန်ုပ်တို့အတွင်းသို့ ချောင်း
ကြည့်လိုက်ရာ..ကျွန်ုပ်..ခေါင်းနပန်း
ကြီးသွားရှချေတော့၏။
ဓိုက်ကလေးကားတောင်ပျဉ်ခွေ
ထိုင်ရင်းပုတီးစိပ်နေချေ၏။
ဝို၍အံ့ဩဖွယ်ရာကား..ဓိုက်
ကလေးခေါင်းပေါ်၌တခ်တွာ
သာသာမီးတောက်များတောက်
နေခြင်းပေတည်း။
ကျွန်ုပ်ကား ပြောပြောဆိုဆိုတံခါးခက်
မြိတ်အောက်မှ သောက်ရေအိုးထဲမှ
ရေကို ပြေးခပ်ချေရာ။


ကိုမြမောင်က..ကျွန်ုပ်လက်ကိုဆွဲပြီး
ဆရာတွတ် မလုပ်နဲ့..မလုပ်နဲ့ ဒါ..ဒါ..မီးကသိုဏ်း ရှုနေတာ..မီးကသိုဏ်း ရှုနေတာဖြစ်မယ်..
ဟာ..ဒါ..မီးကသိုဏ်း ရှုနေတာ မဟုတ်ဘူး..ဘုရားခင်ပေါ်က ဖယောင်းတိုင် မီးပြုတ်ကျပြီး အင်္ကျီလည်ကုတ် ခွဲနေတာမှ..
ကျွန်ုပ်က..ကိုမြမောင်ဆွဲထား သည့်လက်ကိုရုန်း၍ ခပ်ထား သည့်ရေကိုဗိုက်ကလေးခေါင်း ပေါ်လောင်းချလိုက်လေသည်။
ဖွီး...
ရှ...
၁၄၈
ဗိုက်ကလေးကမျက်နှာကိုပွတ်ခါ ပတ်ခါဖြင့် မှုင့်လိုက်ပြီး။
ဆရာတွတ် ဘာလို့..ရေနဲ့ လောင်းတာလဲ..


ဟာ..မင်းအတွက်စိုးရိမ်လို့ပေါ့ကွ မတော်တဆ..တစ်ခေါင်းလုံးမီးလောင်သွားရင်ဘယ့်နှယ်လုပ်မလဲ..
ဗိုက်ကလေးကား မျက်လွှာပြန့်ချပြီး..လေသံတစ်လုံးချင်းနှင့်..
ဒီ..မီးတောက်တာ မဟုတ်ဘူး
မီးရောင်ကဲ့သို့သောအဆင်းသဏ္ဍာန် ကျွန်တော့်ဦးခေါင်းမှာပေါ်လာတဲ့ ကသိုဏ်းတစ်ခုကို..ဈာန်ဝင်စား နေတာ..
တကယ်မီးလောင်နေရင် ဘယ်နေနိုင်ပါ့မလဲ ဆရာတွတ်..
၁၄၉
အမှန်တကယ်တော့ ဆရာတွတ်..ညည်းတစ်ခုကို ကျော်ပြီး..ပိုင်နိုးပိုင်နင်း ဝင်လာတာ..


တခြားလူဆိုရင်..ကျွန်တော့်ပညာနဲ့လုပ်ရင် မြေကြီးဖြစ်သွားလိမ့်မယ်..ဆရာကွတ်ဖို့ ခွင့်လွှတ်လိုက်တယ်..ရှိစေတော့ ရှိစေတော့..
ကဲ..ထိုင်..လာရင်းကိစ္စ ကိုပြော..သက်သက် လာလည်တာဆိုရင်တော့ ပြန်တော့ ။
ဗိုက်ကလေးကား ဘူးခေါင်းပေါ်မှ ရေများကိုမျက်နှာသုတ်ပဝါဖြင့် သုတ်နေတော့၏ ။
ကျွန်ုပ် စိတ်ထဲ၌ ဖနောင့်ထပေါက်ချင်နေသော်လည်း စနက မြင်လိုက်ရသော ခေါင်းပေါ်မှမီးတောက်များကြောင့် ရှိန်းတိန်းတိန်းဖြစ်ရချေ၏ ။
ဘူး..လေးခါးလာပြီ လေးခါးလာပြီ ဟီ..ဟီ..
ဝဝ.


လိုရင်းကိုပြောပါ.....
ကျွန်ုပ်က... ဟန်ကိုယ်ဖို့ဆိုသလိုတိုင်ကို မှီ၍ ခြေထောက်ကိုဆင်းလိုက်ပြီး ။
ကဲ..ကဲ.. ကိုမြမောင်တို့ လာရင်းကိစ္စကိုပြော လိုက်ပြီ ။
ကျွန်ုပ် အမူအရာကိုကြည့်၍ ဗိုက်ကလေး မျက်မှောင် တစ်ချက်ကြုတ် လိုက်ပြီး ။
ဆရာကွတ်....ကျွန်တော် ဓါတ်ခန်းမှာ.....အဲဒီလို ခြေဆင်း ပြီးထိုင် ပါနဲ့....
ဗိုက်ကလေး စကားကြောင့်... ကျွန်ုပ် ထောက်ခနဲဒေါသဖြစ်သွားသည် ။
၁၅၁
တယ်...
သို့သော်... စိတ်ကိုလျှော့ချလိုက်ပြီး... ဆန့်ထားသော ခြေနှစ်ဘက်ကို နောက်သို့ ပြန်ရုပ်လိုက်ရ၏ ။
ထွန်း မိန်းမ... မျက်နှာကြောင့်...

ကိုမြမောင် မမသေး တို့ ရှေ့သို့ အနီးကပ် တိုးလိုက်ပြီး ။





သိချင်ရင်တော့ စာရင်းပေးခဲ့ အင်း... တယ်ခက်တာပဲ... လူတွေ လူတွေ... သူတို့အကျိုးကိုပဲ သိချင်နေကြပါလား။
ကျွန်ုပ်ကား... ဗိုက်ကလေးကို ခပ်ချဉ်ချဉ်ပြုံးနေမိသည် ကတော့အမှန်ပင်တည်း။ ကျွန်ုပ်ကား မနေနိုင်တော့ချေ။
ဒီမှာဟေ့... ဗိုက်ကလေး
ကိုမြမောင်... ဟာ... တို့အပေါ် ကျေးဇူးရှိတယ်ဆိုတာ... မင်း အသိပဲ... မင်းသူ့ကိုတော့ ဟောပေးလိုက်ပါ။
ဘာဗျ... ကျုပ်က... ဟော ရအောင် ဗေဒင်ဆရာ မဟုတ်ဘူး
ဒါမျိုးဆိုတာ... သူ့အချိန် သူ့အခါနဲ့... ဆိုင်ရာ ပိုင်ရာ တွေကိုကြိုတင်မေးမြန်းရတာ ကိုယ်နားမလည်တဲ့ကိစ္စ... ဝင် မပါပါနဲ့... ပြန်ကြ ပြန်ကြ....


ကျုပ်ရဲ့ ကျင့်စဉ်အတွက်... အချိန် ကုန်တယ်... နောက်ကို မှတ်ထား ကျုပ် ခွင့်ပြုချက် မရှိဘဲနဲ့ ကျုပ် တဲပေါ်ကိုမတက်နဲ့...
ဗိုက်ကလေး ကောား ကရင့်သီး လှချေ၏ ။ ကျွန်ုပ်မှာ စိတ်ထဲက အခမ်းရိုက် ငါးခါးချင်စိတ် တွေပင် ပေါ်လာချေ၏ ။
ဒါ.. နော်....
သို့သော်... ကိုမြမောင် ရှေ့၌ဒေါသ ကိုချုပ်တည်း... နိုင်သမျှချုပ်တည်း ထားရချေသည် ။
နေနှင့်ဦးပေါ့ကွာ ဟွန်း
ကိုမြမောင် ၏ အားကိုတကြီး ကြည့်နေသောမျက်လုံးကို ကျွန်ုပ် ရင်မဆိုင်ရဲတော့ချေ ။
ဟဲ... ဘာတတ်နိုင် သေးလဲ...
၁၅၄
ဟဲ... ဒါဆိုလည်း မေးမနေ ပါနဲ့ဗျာ... သေတဲ့လူလည်း သေပြီး... နေပြီ... မေးလည်း မထူးတော့ပါဘူး... လာ သွားမယ်...




ကျွန်ုပ် စကားကြောင့်... မမသေးက ... ကမ္ဘာကယာဝင်ပြီး။




ဒီလိုပုဂ္ဂိုလ်မျိုးက... တွေ့ရခဲ တယ်တော့... ကျွန်မတော့ ရွာထဲမှာ ပြောပြဦးမယ်...
အေးဗျာ... ကျုပ်လည်း တစ်သက်မှာ... ဒီလိုကျင့်စဉ်မျိုး တစ်ခါမှမတွေ့ဖူးဘူးဗျာ အံ့လည်းအံ့ဩတယ်...
နောက်ပြီး... ဆရာတွတ် ဗိုက်ကလေးကို... သတိထား ကြည့်မိရဲ့လား... သူ့မျက်လုံး ရဲ့အရောင်တွေက တစ်မျိုး ကြီးဖြစ်နေတယ်နော်...
ကျုပ်တော့... သတိမထားမိဘူး ကျုပ်လို သူ့ဆရာ ကိုတောင် ဂျစ်ကန်ကန်နဲ့... ကျုပ်က ကိုမြမောင် တို့ကို အားနာ လိုက်တာဗျာ...
ကျွန်မတို့ကနားလည်ပါတယ်ရှင် ဟို... တစ်ချိန်က အခဲ လိုက်... တောယပ် အကုသိုလ်ရုပ်တဲ့ ဆရာ ဆိုတော့ ဘဝဟောင်းမှာပဲ... သူကထား ခဲ့ချင်တာနေမှာပေါ့
ထိတယ် ဟော့


မမသေး စကားကြောင့် မြေကြီး
ပေါ်လဲသေချင်စိတ်ပင်ပေါက်
သွားရချေ၏ ။
ဟ!" မသေး... နင့်စကားက
ဟိုမရှောက်... ဒီမရှောက်
နဲ့...
အဲတော့... ဟုတ်ပါရဲ့
ကန်တော့... ကန်တော့ ဦးတွတ်ပီ
ဘာပဲပြစ်ပြစ် ဗိုက်ကလေးကို
စိတ်မဆိုးပါနဲ့... သူ ဘဝကူးကောင်း...
အဲ... အဲကောင်းတဲ့ဘဝရောက်သွား
တာပဲ... ကျေးဇူးတင်လိုက်ပါ
တော်..
ဖူး...
ကျွန်ုပ် သက်ပြင်းကို မှုတ်ထုတ်
ပြီး... နေပူကျဲကျဲ၌ ခြေလှမ်း
သွက်သွက်ဖြင့် လျှောက်လာခဲ့ရ
ချေတော့သည် ။


ဟော... ဦးတွတ်ပီကြီး
ရွာအဝင်လမ်းထိပ်၌... ထွေးလေးတို့ မိန်းမပျို သုံးယောက်ဆီမှ ခေါ်သံကြောင့်... ခြေလှမ်းတို့ ခနရပ်သွား ရချေ၏။
အဘော်ပဲ... ကျွန်မတို့ကို ဗိုက်ကာလေး ဆီ လိုက်ပို့ ပေးပါလား
ဘာ" နင်ဗိုက်ကာဆီ သွားတာ.. နင်တို့ ဘာသွား
ဟယ်တော်..
အီ
လူလေယံခေါင်မှာ အပြော ခံလိုက်ရ၍ အမျိုးတွေ ရှက်သွားပြီး...
ဟာ... ဦးတွတ်ပီကြီး ကလည်း... ဘာမှန်းလဲ မသိဘူး
စိတ်ဆိုးပုံ မရဘူး ဟ...



လိုက်မဝို့လည်း နေပါ… ရပါတယ် ကိုဗိုက်ကလေး က… ထွေးရှေ့ တို့ကို မြင်ရင်… မောင်းမထုတ် ပါဘူးနော်…
ကိုမြမောင် က ခေါင်းကိုကုတ်ပြီး…
ဒါနဲ့… နင်တို့က… ဘာသွား လုပ်ကြမလို့လဲ…
ဟဲ… ဟဲ
ဟီ… ဟီ…
ဟိုလေ… ဟိုဟာမေး မလို့
ကျွန်ုပ် မှ သူတို့ကိုကြည့်ပြီး ခပ်ရှုံ့ရှုံ့ဖြစ်လာ၍
ငါ… သိတယ်… နင်တို့လင် ဘယ်တော့ရမလဲဆိုတာသွားမေး မလို့မဟုတ်လား
ဟင့်… တော်ပြီ… ဦးထွတ်ဗိုကြီး နဲ့ စကားကောင်းပြောလို့ကို မရတော့ဘူး… ကိုယ့်ဘာသာ သွားမယ်…


လာဟေ့… သူ့တပည့် နာမည်ကြီး နေလို့… သူကပါ… ရောယောင်ပြီး ဘဝင်မြင့်နေတာ
ဆို။
ထွေးလှတို့အုပ်စု… ခြေဆောင့် ထွက်သွားကြသည်။
ဟုတ်ပဲ… လင်ရော မယားရော… အခုတလော အချိုးပြောင်းနေကြတာ…
ဟဲ့ဟယ်.. ထွေးလှ..
ရှင်… ဦးတွတ်ပီကြီး လိုက်ပို့မလို့လား ထွေးလှတို့ကို…
လိုက်ပို့မလို့မဟုတ်ဘူးဟေ့ ဇိုက်ကလေးက… ငါပါနေရင် ဖိုက်တင်ခံနေဦးမှာ… နင်တို့ သွားမေးလို့ကတော့… ငန်းကြော ထပြီး… နင်တို့ခိုင်းသမျှ လုပ်ပေးမှာ…


ကျွန်ုပ် လည်း စိတ်ထဲရှိသမျှပြော ချလိုက်ပြီး... ရွာထဲသို့ဝင်လာ ခဲ့သည်။
ဟွန်း
ဗိုက်ကလေး အကြောင်းကိုစဉ်း စားပြီးလျှောက်လာခဲ့ရာ ရွာထိပ်နားသို့ အရောက်... ဖျတ် ခနဲ အတွေးတစ်ခုဝင်လာ၍...
နေဦးဗျာ... ခင်ဗျားတို့... မြန်နှင့်... ကျွန်ုပ် ကိစ္စလေး ရှိသေးလို့...
ကျွန်ုပ်လည်း ပြောပြောဆိုဆို လာရာလမ်းကိုချာခနဲလှည့်၍ ရွာအပြင်သို့ သုတ်ခြေတင်ခဲ့ တော့သည်။
ဟား..ဟား.. ဗိုက်ကလေး..
ငါတို့ကျတော့... ဂွာခြေကြီး တစ်ခွဲသား... လက်နှစ်လုံးလျှော့ ဆိုက်တင်နဲ့... ထွေးလှတို့ကျ ဘယ်လိုဆက်ဆံမလဲဆိုတာ ကြိုသိနေတယ်
၁၆၁
တွေ့မယ်... တွေ့မယ် ထွေးလှတို့နဲ့ ကျမှ... ဟီးဟီး ဟား ဟား လုပ်နေလို့ကတော့ နားရင်း... ကျင်းယမ်းလိုက် မယ်..
လည်ကုတ် စွယား သလိုပဲ ဟ

ကျွန်ုပ်မှာ အကြံ နှင့် ဖိုက်ကလေး၏ တဲတန်း၊ ခေါ် တဲစုတ်
ဆီသို့ ထွက်ခဲ့ချေ၏။ တဲရှေ့ဘက် ဆီမှ တဲနောက်ဘက်
လမ်းကိုရှေး၍လျှောက်ခဲ့သည်။




ထိုအောက်သံ နှင့် အတူ ထွေးလှ တို့အုပ်စု တဲပေါ်မှ ဝရုန်းသုန်းကားပြေးဆင်း လာချေတော့သည်။
ကျွန်ုပ်လည်း... တဲနံရံကို ပြေးဝင်ကပ်လိုက်ပြီး အခြေအနေကိုချောင်းကြည့် ချေရာ။
ပထမဆုံး တောင်ကြားလိုက်ရ သည့်အသံကား ထွေးလှ ဆီမှ ဖြစ်ချေ၏။
သွားဆို... သွားပါ့မယ် ဒီလို နှင်လွှတ်ဖို့မလိုပါဘူး ကိုဗိုက်ကလေး... ကျွန်မတို့က ကိုဗိုက်ကလေး သတင်းကြီးနေလို့ လာမေးတာ... မလာနဲ့ဆိုလည်း ဘယ်တော့မှ မလာတော့ပါဘူး... သွားမယ် တော့..
ထွေးလှ တို့ အုပ်စုကားခြေ ဆောင့်၍ထွက်သွားကြတော့၏။
ကျွန်ုပ်လည်း တဲထောင့်၌ ကပ်ရင်း တဲအတွင်းမှ ဗိုက်ကလေး ကို အကဲခတ်လိုက်ရာ။


ဖိုက်ကလေး ကား ပုတီးစိပ်ရင်းမျက်
လွှာကိုချထားဆဲ ပင်တည်း ။
ထိုအခိုက် ဖိုက်ကလေး နှုတ်မှ
ထွက်ပေါ်လာသောအသံကြောင့်
ကျွန်ုပ် ခေါင်းနပန်းကြီးသွားရ
ချေတော့သည် ။
ဆရာကွတ်... တဲထောင့်ကနေ
မြန်လို့ရပါပြီ ။
ကျွန်ုပ်မှာ သူခိုးလူမိသွားသကဲ့သို့ တစ်ကိုယ်လုံးတုန်လှုပ်
သွားရချေတော့၏ ။ သို့ပေမယ့် တဲထောင့် မှာ အသာပေကပ်
နေလိုက်ချေသေး၏ ။
ရမ်းသမ်း
ပြောနေတာ
မှပေါ့....
ဆက်ပြောလာသောစကားကြောင့်
ကျွန်ုပ်တစ်ကိုယ်လုံးမြောက်တက်သွား
သလောက်ပင်တည်း
ဆရာကွတ်... ဒီနေရာက
ထွက်သွားပါ... ဆရာကွတ်
နောက်မှာမြွေတစ်ကောင်
ရောက်နေတယ်....
၁၆၄


ကျွန်ုပ်မှာအလန့်တကြားနောက်ကိုကြည့်လိုက် ချေရာ… မြက်ပင်များကြားမှယမ်းတန်းယမ်း တမ်းနှင့် လာနေသော မြွေတစ်ကောင် ကိုတွေ့ လိုက်ရလေသည်။
ပိနှစ်အရှည် ၈ လက်မ အထက်ကို ပေါက်ပို့… ငါက ၉ လက္ခ အမြင့်မှ ရှဲ့ပေါက် ရမယ်…
ကျွန်ုပ်မှာ မုဆိုးရင့်မကြီးတစ်ဦး ဖြစ်နေသည်ကိုမေ့၍ တဲအနီးမှ ခုန်ထွက်လိုက်၏။
သို့ပေမယ့်… မြွေကဆက်ခနဲ ပြန်လှည့်ကာ ကျွန်ုပ်ဆီပြေး လာနေပြန်သည်။
ဟိုက်… မြွေက ငါ့ဆီဦးတည် လာနေပါလား… ခေါင်းတုတ်တုတ် နဲ့ မြွေဆိုး များလားမသိပါ ဘူး


ကျွန်ုပ်မှာ မြွေအန္တရာယ်ကိုများပြားလှစွာသော အတွေ့အကြုံများ ရှိပြီးဖြစ်သော်လည်း ခုတစ်ခါ... စိတ်ထဲက ခပ်လန့်လန့် ဘိုဘော် မုဆိုးတို့ သွေးကားပြန်၍ပေါ်လာချေ၏ ။
ပြေးခဲ့တဲ့အတွေ့ အကြုံနေမှာပါ
အနီးရှိသစ်ကိုင်းခြောက်ကိုပျက် ခနဲ ကောက်ကိုင်ပြီး မြွေကို ရင်ဆိုင်ရန်ပြင်လိုက်၏ ။
ကဲ... လာစမ်း
ထိုအခိုက်... တဲအတွင်းမှ ဗိုက် ကလေးအသံကားထွက်ပေါ် လာချေ၏ ။
ဆရာဆွတ်...
၁၆၆
သူကို... အန္တရာယ်မပြုပါနဲ့... ဒါ... ရိုးရိုးမြွေမဟုတ်ဘူး တိုက်မြွေ....


ဗိုက်ကလေး အသံကြောင့် ကျွန်ုပ် ဘုရားတလိုက်မိချေ၏ ။
သူ… လေးဆော သွားပြီ…
ကျွန်ုပ်ကြားဖူးသော… တိုက်မြွေ ဆိုသည်ကား အိပ်ရာထဲအထိ လိုက်၍ အန္တရာယ်ပြုတတ်သော အကောင် မျိုးဟု ပုံပြင်ခန်းဆန်း ကြားဖူး၏ ။
သို့သော်… ကျွန်ုပ်ကဲ့သို့မုဆိုး ရင့်မကြီး (ဒုတိယ အကြိမ်) တစ်ယောက်အနေနှင့် ကား မြွေပေါက်တစ်ကောင် ကို အရှုံးပေးဖို့ဆိုသည်မှာ မဖြစ် နိုင်ပေ ။ ရာဇဝင် ရိုင်းရာကျ ပေမည် ။
ဟား… ဟား ဒါနဲ့များ… ကြောက်ရတာ တဲ့…
ကျွန်ုပ်မှာ ဗိုက်ကလေး စကားကိုနာခံ မနေနိုင်ဘဲ
ကဲဗျာ…
ဒိုး…
ဖြောင်း…



ချက်ကောင်းထိသွားပြီးမြွေမှာ တွန့်လိမ်သွားကာမရွေ့လျား နိုင်တော့ချေ ။
ထိုအခါကျမှ ခေါင်းကို တစ်ချက် သိုင်းရိုက်ပစ်လိုက်ချေ၏ ။
မြွေမှာ ခပ်လှမ်းလှမ်းတစ်နေရာသို့ လွင့်သွားပြီးမြေပေါ်သို့ပြုတ်ကျ သွား၏ ။
ကျွန်ုပ်လည်းအပြေးသတ် ပွဲသိမ်း၍မြွေကိုသေသေ ချာချာကြည့်လိုက်သောအခါ ။
ဟာ...
တိုက်မြွေ ဆိုပြီး လင်းမြွေကြီး ဖြစ် နေပါလား
အရှည်တစ်လံ... လုံးပတ်လက်ကောက် ဝတ်ခန့်ရှိချေ၏ ။
အတော်ပဲ... လင်းမြွေ သား ဆီပြန်လေး... စား ရတာကြာပြီ...


ကျွန်ုပ်မှာ မြွေကိုကောက်ယူလိုက်စဉ် တဲအတွင်းမှ ဗိုက်ကလေး၏ အသံ ထွက်ပေါ်လာချေ၏။
တိုက်မြွေကို အခုလို သတ်လိုက်ရတဲ့အတွက်
လာ လတ္တံ့သော အန္တရာယ် တွေကို... ဆရာထွက် ရင်ဆိုင် ရတော့မယ်...
လာလိုက် သေး
ကျွန်ုပ်မှာ ဗိုက်ကလေးကို ပိုအမြင်ကတ်လာပြီး....
ဟော့... ဗိုက်ကလေး ဘာအန္တရာယ်မှ ကျွန်ုပ်ကရှု မနိုက်ဘူးကွ... မင်းတိုက်မြွေ ဘာညာပြောမနေနဲ့... ငါမယုံဘူး
ဒီနေရာမှ မြွေပေါ်တယ် ဆိုတာ သိတယ်... ကျွန်ုပ်လို မုဆိုးတစ်ယောက် မြွေ နဲ့ မကြိမ်းခြောက်နဲ့ ...


ကျွန်ုပ်မှပြောပြောဆိုဆို မြေကို ဖွတ်တိုက်ဆွဲ၍ ထွက်လာခဲ့ချေ၏ ။
ဦးကောင်းဘကတွေများ အခွင်းထက်နေသလဲဆိုတာ တစ်နေ့တော့ ခန်းသာဝ်ရပါဦးမယ်...
ခပ်လှမ်းလှမ်း တစ်နေရာ၌ တွေးလှ တို့ အုပ်စုကိုတွေ့လိုက်ရသည် ။
ဟာင်း....နင်တို့ ပြန်သွားပြီမှတ်တာ....
ဦးတွတ်ပီကြီး မြေကိုရိုက်သတ်နေတာ မြင်လို့ရပ်ကြည့်နေကြတာ နေပါဦး ဘယ်လိုဖြစ်ပြီး ဒီကိုပြန်ရောက်လာတာလဲ...
ကျွန်ုပ်မှာ တခြားစကားကို လှီးလွှဲပြောရန်
နင်တို့ ဗိုက်ကလေးနဲ့ အဆင်ပြေခဲ့ကြရဲ့လား


ဟာ...မပြောပါနဲ့တော့ ဦးကွတ်ပီရယ် ကိုဗိုက်ကလေး က ဟိုတုန်းက နဲ့ မတူတော့ဘူး ကျွန်မတို့ တဲပေါ်မှာ သူ့ကိုသွားတော့ အတင်း မောင်းထုတ်ပစ်တယ်တော်တော် ပြောင်းလဲသွားတယ်...
မပြောင်းလဲပါဘူးဟာ နင်တို့ ထင်နေလို့ပါ...
သာဓွေသာဓွာ ကံမသာကာ
ဟုတ်တယ်...ဦးကွတ်ပီရဲ့ အရင်ဗိုက်ကလေးမဟုတ်တော့ဘူး ရွာထဲကပြောနေတဲ့စကားမှန်းမမှန်း ကျွန်မတို့ကသိရအောင်စုံစမ်းကြည့်တာ... အခုတော့...လူတွေပြောတာ ယုံရမလိုဖြစ်နေပြီ....
နေပါဦး...သူက ဘာတွေများ...ခွမ်းနေ လို့လဲ...ပြောစမ်း ပါဦး


ခွမ်းဆို... ဟိုနေ့က... ဘကြီးပုလေ သူ့မိန်းမဆုံးသွားတာတစ်နှစ် ပြည့်လို့
ကိုဗိုက်ကလေးကို...သူ မိန်းမဘယ်မှာရောက်နေသလဲ ဆိုတာမေးကြည့်တော့ လွမ်း ခေတ်ဘုရားမှာရှိတယ်လို့ ပြောတယ်တော့
နေပါဦး... သူကရှိတယ် ပြောတိုင်းယုံရော တဲ့လား...
နေဦးလေ... ကျွန်မစကားမဆုံး သေးဘူး... အဲဒါနဲ့ သူ့မိန်းမရှိတယ်ဆိုတဲ့ ခေတ်ကိုသွားပြီးအမျှအတန်းဝေနေတုန်း သူ့မိန်းမအသံကိုကြားတယ်တဲ့ တော့...
၁၇၂
ဘယ်လိုကြား တာတုံး
ဇာတ်လမ်းက ကောင်းလာပြီ


ကိုပုရေ... ကိုပု... ကျုပ်သွားတော့မယ်တဲ့ ရှင်... အခုလိုအမျှဝေပေးလိုက်လို့... လွတ်ကျွတ် ပြီတဲ့... နောက်ကိုမတွေ့ရတော့ဘူး နှုတ်ဆက်ပါတယ်တဲ့တော်
နောက်ပြီး... ဒီလို ကျုပ်တို့ ဒီ ဝဋ်ဒုက္ခ က လွတ်အောင်လုပ်ပေးတဲ့ ဆရာဗိုက်ကလေး ကို... ငွေသုံးသောင်း ကန်တော့လိုက်ပါတဲ့... တော်...
ဘာ ကန်တော့ ရတယ်...
ဟုတ်တယ်လေ... ဘကြီးပု လည်း ဝမ်းသာပြီး ငွေသုံးသောင်း သွားကန်တော့လိုက်တာပေါ့...


နေပါဦး… ဘကြီးပု… မိန်းမ
နဲ့ ကောတွေ့ရလို့လား..
အသံပဲကြားရတာ
သူ့မိန်းမအသံမှအစစ်ပဲ
တော့…
ကျွန်ုပ်မှာ ထွေးလေး တို့အုပ်စု၏
စကားကြောင့်… ဘာပြန်ပြောရမှန်း
မသိအောင် ဖြစ်ရချေသည်။
တကယ်ပဲ ဝိုက်ကလေး ခွမ်းသလား။
သိရအောင်… ကိုယ်တိုင်စမ်းသပ်
ချင် စိတ်တများများပေါ်လာချေ
သည်။
သိနေတယ်
လေ…
ကျွန်ုပ်လည်း… တိုက်မြွေသား… ဒါ… လင်းမြွေသားကို ချက်
ပြုတ်ရန်ရှိသော၍ ထွေးလေး တို့နှင့်ခွဲကာ… အိမ်သို့ပြန်ခဲ့တော့၏။
ဘာပဲဖြစ်ဖြစ်
ဒီနေ့တော့… မျက်နှာ
ရပြီ….
၁၇၅

အခန်း (၈)　　ကိုပိုးစာနဲ့ သရဲ




ဗိုက်ကလေး၏ ကျော်ကြားနေသော
သတင်းကား ကြို့တိုင်းရွာ တင်မက အနီးရှိ
ကုန်းဘောင်ရွာ၊ တောက်ရွာ၊ ရိုးရွာများ၊
သို့တိုင်အောင် ပျံ့နှံ့ရေပလေသည်။ ထို
ပျံ့နှံ့သတင်းကြီးမှုကို ဗိုက်ဖြစ်နေသူကား
မသေးမျှင်ပင်တည်း။
ဪ... မောင်လေး
မောင်လေး... အခုတော့
လည်း... တစ်ရွာလုံးကဆည်း
ကပ်ကြရတဲ့... ဆရာတစ်ဆူ
ဖြစ်နေပါပေါ့လား..


မသေးမျှင် ကိုကြည့်၍... ကျွန်ုပ်မြင်ပြင်း
ကတ်မိသော် လည်း မနေ့က လျှကြီးဖြင့်
ပို့လိုက်သော ဆန်တစ်အိတ် ၏
မျက်နှာကားရှိချေသေး၏ ။
တွေ့လား... သူဘယ်ဘဝ
ရောက်နေ... ရောက်နေ... အစ်မ
ကိုတော့ မမေ့ဘူး... ဆန်လေးကို
ကော့ပြီး မွှေးနေတာပဲ...
နောက်လည်း ပို့ဦးမှာ....
ဒီမှာမျှင်... မင့်မောင်
ဗိုက်ကလေးဘယ်လောက်
နာမည်ကြီးကြီး... ကျွန်ုပ်
ကတော့ မယုံဘူး...
ဘာရှင့်... တစ်ရွာလုံးက
ယုံကြည်နေကြတာကို...
ရှင်က... မယုံဘူးဆိုတာ
ဘာသဘောလဲ...
အစေခြအနေ
မကောင်းဘူး
လစ်မှ...


အေး... ကျွန်ုပ်စိတ်က ယုံကို မယုံလို့... မယုံဘူးပြော တာပေါ့...
ဒါဆို... မနက်ခါကို ဗိုက်ကလေး ပေးလိုက်တဲ့ ဆန်နဲ့ ချက်တာ... ဘာလို့စားသေး လဲ....
မသေးမျှင် စကားကြောင့် ကျွန်ုပ်အဖြေရကျပ်ချေ၏ ။
ပါးစပ်အငြိမ်မနေဘဲ သွားစပ်တော့တာ ကိုး
ဒါကတော့... အိမ်မှာရှိနေတာပဲ စားရမှာပေါ့..
ရှင်... ဒီလို... လှယ်လှယ်မပြောနဲ့ သူ့ကို... မယုံရင် သူပေးတာ မစားနဲ့... ဒါပဲ...
၁၇၇
မသေးမျှင်စကားကြောင့် ကျွန်ုပ်မှာ အတန်ငယ်တော့ ဒေါသထွက်သွားချေ၏ ။
မပိုင်လား


ကျွန်ုပ်ပင်ပန်းကြီးစွာရှာဖွေခဲ့ရသော ငွေအသပြာ များမျက်နှာ....သားကောင်များ၏ မျက်နှာများကိုပင် မထောက်ထားချေတကား ။
ထောက်နိုင်ပေါင် ရတာကမှ တစ်ပဲ... ခြောက်ပြား
ခြေမနဲ့ ကော်ထုတ် လို့ရတယ် ဟဲ့
ဦးမှာ... မသေးမျှင် မင့်မောင်က... အဲ့ခုမှ ဆန် တစ်အိတ်ထောင်ပေးနိုင်တာကို မင်းက... ကျွန်ုပ်ကိုအာခံတော့ မယ်ပေါ့လေ...
အလိုတော်... ထင်ချင်သလိုထင်ဘာ ထင်လိုက်စမ်းဘာ...
အေး... ဒါဆို ကျွန်ုပ်လည်း... ဒီနေ့ကစပြီး ကိုယ်ဆန်နဲ့ကိုယ်... ဝယ် ချက်စားမယ်...


ကျွန်ုပ်လည်းကြာကြာဆက်နေလျှင် ရန်ပွဲအသွင် ပြောင်းလဲသွားနိုင်၍အိမ်မှထွက်လာခဲ့ရ တော့သည်။
ကြာရင် လက်ပါလာမယ် သူ့ဘက်က
ကြွ... ကြွ... ကိုယ့်ဆန် နဲ့ ကိုယ်ချက်စားရုံတင် မကဘူး... ကိုယ့်ဟင်းပါ ကိုယ်ချက်... ဘယ့် နှယ်တော်... ယောက်ဖ ကောင်းစားနေတာကို ကြည့်ပြီး မနာလို... မရှုစိမ့် ဖြစ်နေရ တယ်လေ... ကြား... ကြားဖူးပေါင်တော်
မသေးမျှင်၏ စကား ကိုပြန် လှန်ပြောဆိုခြင်း မပြုတော့ဘဲ ရွာလယ်ရှိ... သာဂီ တို့ ဆံသ ဆိုင်လေးသို့ ထွက်လာခဲ့ရ တော့သည်။
ခေါင်းတုံးလုံး ဆိုင်သွားတော့ ပုံ... ပိုကောင်း လို့လား

ရွာလယ်မရောက်မီ... ရေကူးမြောင်းတံတား ထိပ်၌ တလိမ့်လိမ့်လျှောက်လာနေသော... သူကြီးဘမိ နှင့် မောင်ဝိုးအာ ကို တွေ့လိုက်ရတော့သည်။




ကိုယ်တို့ ခပ်လှမ်းလှမ်းရှိ ကုက္ကိုပင်ကြီး အောက်သို့ရောက်ခဲ့ကြပြီး မြစ်ပြင်းပေါ် အကျအန ထိုင်လိုက်ကြပြီးမှ ။
ကဲ… မောင်ဝိုးဇာ မင်းမြင်သမျှကို ပြောစမ်းကွာ… ပြီးမှ… တို့ ဘာဆက်လုပ်ကြမလဲ ဆိုတာ တိုင်ပင်ကြတာ ပေါ့…
မောင်ဝိုးဇာ က… သူ့အမူအရာ သူ့စတိုင်အတိုင်း အေးတိအေးစက် ခက်… မပွင့်တပွင့်နှင့် ။
ဦးလိုဗျ… မြိုင်သာကို… ပဲသွားဖို့ရင်း… ညစိုးရှုပ်သွားတော့ အသိအိမ်မှာ တည်းဖြစ်တယ် ဆိုပါတော့
နောက်တစ်နေ့ မနက်… မြိုင်သာ ဈေးထဲမှာ… မိန်းမမှာတဲ့ပစ္စည်း လေးတွေဝယ်ဖို့ ဈေးထဲ ထွက်လာတော့… ဈေးထဲမှာ သူ့ကိုတွေ့လိုက်ရ တယ်ဗျ..
ဘယ်သူ့ကိုလဲ ကွ..


စိုက်ကာလေး
ဗျာ!!
အင်း... သူလည်းဈေးလေး
ဘာလေး... လာဝယ်တာ
နေမှာပေါ့
ဟာ... ရိုးရိုးဈေးဝယ်
တဲ့ပုံစံကို... ကျွန်တော်
မပြောဘူး
ကဲ... ဘယ်လို
ဆန်းဆန်းပြားပြား
ဝယ်လို့လဲ...
ဒီလိုလေ... ဝတ်နေကျ
ဝတ်ဖြူခေါင်ကြယ် နဲ့ ခိတ်ပုဝါကြီး
လက်ထဲကိုင်ထားတဲ့...ပုံစံမဟုတ်ဘူးဗျ
ဂျင်းဘောင်းဘီရှည်နဲ့ နေကာ
မျက်မှန်နဲ့ ဂျာကင်နဲ့ဗျ...


ဟေ..
မောင်ဝိုးဇာ စကားကြောင့်... ကျွန်ုပ်မှာ အံ့ဩမှင်သက်သွားရချေ၏။
နေ...နေပါဦး မင်းကိုတွေ့တော့ ဘာပြောလဲ..
အဲဒါ... ပြောမလို့ပေါ့... ကျွန်တော်က အံ့အားသင့်ပြီး... ကိုယ့်ရွာသားချင်း ပြေးဖက်ပြီး... ဗိုက်ကလေး... ဗိုက်ကလေးလို့ နှုတ်ဆက်တာပေါ့...
ဒီတော့...
ဟာ... ဗိုက်ကလေးက ကျွန်တော့်ကိုကြည့်ပြီး ခေါင်းခါတယ်...
နောင်ကြီး လူမှား နေပြီ...ကျုပ် ဗိုက်ကလေး မဟုတ်ဘူး...
ဟာ...


မနောက်ပါနဲ့ ဗိုက်ကလေးရာ မင်းနဲ့ငါ... တစ်ရွာတည်းသားတွေပါ ခွေးချီသွားတာတောင် မှတ်မိပါတယ်...
ဘာဗျ... ကျုပ်ကို ခွေးနဲ့ မနှိုင်းပါနဲ့... ဗိုက်ကလေး မဟုတ်ဘူးလို့ပြော နေတယ်မဟုတ်လား...
သူက... ပြောပြောဆိုဆိုနဲ့ ထွက်သွားပါရော...
ဟွန်း
ကျုပ်လည်း ဘယ်ရမလဲ နောက်ကနေ မယောင်မလည်နဲ့.... နောက်ယောင်ခံ လိုက်ပါရောလား... ဗိုက်ကလေးက တော်တော်လျှင်တယ်ဗျ...
ကျုပ်... လိုက်နေမှန်းလည်း သိရော... လှုယောင်ဖျောက်ပြီး လစ်သွားတာ... ဈေးထဲမှာ ရှာလို့မတွေ့တော့ဘူး



ဦးတော့ နောက်ထပ် ရှာသေးလား
မောင်ပိုးဟာ က... လက်ကလေးကာပြီး
နေဦး... ဦးထက် အံ့ဩစရာတွေ ကျန်သေးတယ်
ဦးတွတ်ပီ လည်း လောကြီး လိုက်တာ ငြိမ်ငြိမ်နားထောင် မှပေါ့....
သူကြီး က... ကျွန်ုပ်ကိုအချောင်ဝင် မာန်မဲလိုက်ချေသေး၏ ။
ကျွန်တော်လည်း... ဗိုက်ကလေးကို မတွေ့တော့... လက်ရှော့ပြီး ရှေးဆက်ဝယ်တာပေါ့...
စိတ်ထဲမှာ... တော့တနံနံနဲ့ပေါ့ ရွာမှာ နာမည်ကြီး နေပြီး ဝက်မြူခေါင်ကြွယ်ပဲဝတ်တဲ့ ပုဂ္ဂိုလ်က... အခုလိုပုံစံမျိုးနဲ့ တွေ့လိုက်တော့... စိတ်ထဲမှာ မခံ ချိ မခံသာပေါ့ဗျာ...


နောက်ပြီး... ကျွန်တော့်ကို ဗိုက်ကလေး မဟုတ်ဘူး ပြောလိုက်တော့ ဗိုခံရ ခက်သွားတာပေါ့
၁၈၆
ဒါနဲ့... ကျွပ်လည်းရေးဝယ်ပြီး ဗိုက်ဆာလာတော့... မြို့ကအသိကိုလည်း... ဝဲရောင်းထားရှိရတဲ့ ပိုက်ဆံနဲ့ ပြုစုချင်တာရောပေါ့ဗျာ...
ပြီးတော့... တစ်ခါ... ကျွန်တော် မိတ်ဆွေက... နည်းနည်းပါးပါး သောက်တတ်တော့... မြို့မှာနာမည်ကြီးနေတဲ့... ဘီယာ ဆိုလည်း ကျွန်တော် က... တိုက်ချင်တာနဲ့ စားသောက်ဆိုင်ကောင်းကောင်း တစ်ခုကို ဝင်သွားပါရော...
ပန်းသီး
Restaurant
ဘာဘာ တို့.အဲ... အစ်ကိုကြီး တို့ဘာများ သုံးဆောင်ကြမလဲ ရှင်...


ကျွန်တော်ကအစားသမားဆိုတော့ ခေါက်ဆွဲကြော်တို့ အစိမ်းကြော်တို့ မှာပြီး... ရှာမှာမစားရတာကို တဝကြီးစားနေတာပေါ့...
မြို့ခံ မိတ်ဆွေကတော့....ဘီယာခွက် လေးတစ်ခွပ်ခွပ်နဲ့ ဖိမ်နဲ့သောက်လိုက်..... ဆိုင်နောက်ခန်းသွားပြီး အပေါ့သွားလိုက်နဲ့ပေါ့
သောက်တော့တစ်ခွက် ပေါက်တော့တစ်ရှား
ကျွန်တော့်မိတ်ဆွေအပေါ့သွားပြီးပြန်ဝင်လာတော့ကျွန်တော့်ကို လက်ကုတ်ပြီး....တိုးတိုးလေးပြောတယ်ဗျ။
ကိုရင် ပိုးဇာ
ခင်ဗျား နဲ့ ဈေးထဲမှာ လူမှားပေါ့ဆိုတဲ့... ခင်ဗျားတို့ကြွတိုင်း က စိုက်ကလေး ဆိုတဲ့ လူလေ ဟိုဘက်ခန်းမှာ ဘီယာ သောက်နေတယ်ဗျ...













မောင်ပိုးဖာ စကားကြောင့် ကျွန်ုပ်မှာ… ခေါင်းခေါင်မိုးကြီး ပစ်ချလိုက်သလို အထိတ်တလန့် ဖြစ်သွားရချေတော့ သည်။




ဟာ... ဦးထွက်ပီကလဲ
မဟုတ်ဘဲ... ပြောပုံမလားဗျ...
ကျွန်တော်လည်း အဲဒါကို
ဝင်မယ်လုပ်တော့စိတ်ခွေက
အောင်းခွေပြီး...
မဝင်နဲ့ ကိုရင်
သူတို့ကြည့်ရတာ အတော်
မူးနေပုံရတယ်
တကယ်လို့... ကိုရင့် ဗိုက်ကလေး
တမူးမူးနဲ့ကောင်များကြရင်
ဆိုင်ထဲမကောင်းဘူး... သူတို့
အပြင်ထွက်တဲ့အထိ... စောင့်
တာပေါ့....
ကျွန်တော့်စိတ်ခွေပြောတာ
မှန်နေတယ်... ဆိုင်ထဲမှာ
ဝရုန်းသုန်းကားဖြစ်ချင်
မကောင်းဘူး...
ဟွန်း
ကျွန်တော်လည်း... စိတ်ထဲမှာ
တော်တော်လေးကို အံ့ဩ
တုန်လှုပ်သွားသလို... ဗိုက်ကလေး
တို့ လူပေါ်မှန်းသိရတော့
ပိုပြီး ဒေါကန်တာပေါ့.


ကျွန်တော် လည်း မခံချိမခံသာ နဲ့ ထိုင်စောင့်နေတုန်း သူတို့ အခန်းထဲကို လူစိမ်း သုံးယောက် ဝင်လာပြီး ခါးကြသောက်ကြပြန်ရော ။
ဟွန်း ။
ကျွန်တော်ဆက်ပြီး စောင့်ကြည့်ချင်ပေမယ့်...ဆိုင်ရှေ့ကားဂိတ်မှာ ကြို့တိုင်းကားကထွက်တော့မယ်...
ကြို့တိုင်း ။ ကြို့တိုင်း..
နှစ်ရက်မှတစ်စီးလောက်ထွက်တဲ့ကား ကိုလည်း လက်မလွှတ်ချင်၊ ဒီကောင်တွေကိုလည်းစာရင်းရှင်းချင်... နောက်ဆုံးတော့.... ပဲရောင်းရတဲ့ငွေကလည်း ပါနေတယ်ဆိုတော့... ကား ဂိတ်ကိုထွက်ခဲ့ရတော့တယ်...
နေနှင့်ဦး ပေါ့ကွာ
ဒါတောင်...ပြန်ကာနီး အပေါ့သွားသလို နဲ့ချောင်းကြည့်လိုက်သေးတယ် ခေါကြီး မှ ခေါကြီး အခန် ဘီယာသောက်ပြီး တဟီးဟီး တဟားဟား လုပ်နေတာ ။
ဒါ... ဒါဆို... ခေါကြီး မသေဘူးပေါ့


ဟာ.. ဆရာတွတ်ကလည်း.. အရှင် လတ်လတ်ကြီးတွေ့ခဲ့တာဗျ.. ကျွန်တော့်မျက်စိနဲ့တပ်အပ်မြင် ခဲ့တာဗျ.. ဘယ်လိုမှ မမှား နိုင်ဘူး..
ဒိုက်ကလေးတစ်ယောက် တည်းဆို လူမှားတာပဲထားပါတော့ အခုဟာက.. နှစ်ယောက်တွဲပြီး တွေ့ရတာ.. ဒီထက်ကြိမ်းသေ တာရှိပါဦးမလား...
ကျွန်ုပ်စိတ်ထဲ၌ ဇော်ကြီး မသေသေးဘူးဆို၍ ဝမ်းသာသွား သော်လည်း သူတို့၏ အကြံ အစည်တစ်ခုခုအတွက် စိုးရိမ်စိတ်ကဝင်လာရချေ၏ ။
ကိုင်း.. ဦးတွတ်ပီ.. ကြားရဲ့ မဟုတ်လား.. ရွာက မိုးပြင်ကောင်တွေ ပြောရရင်.. ကျုပ်ယုံချင်မှယုံမယ်... မောင်ဝိုးဇာ လိုလူမျိုးကပြောလို့ ကျုပ်ယုံတာ.. ကဲ.. ဘာဆက်လုပ် မလဲ....


ဘကြီးကလည်း... ဒီလို ကလေးကကျွမ်းလုပ်ပြီဆိုတာ သိနေပြီပဲ... ပမ်းလိုက် ရုံပေါ့...
နေဦးလေ မောင်ဝိုးအာရဲ့
သေချာမှာပမ်းတာ ကောင်းတယ်နော်... တော်ကြာ... ကိုယ့်ဘက်က မသေချာရင် ရွာက လူတွေက... စိုက်ကလေးကို... ချောက်ချတယ်လို့ ပြောကြမှာ..
ကျွန်ုပ်မှာ တော်တော်ဦးနှောက်ခြောက်ရချေပြီ ။ ဤကဲ့သို့ စိုက်ကလေး မဟုတ်တန်းတရား လုပ်ငန်းတွေ ဆက်လုပ်နေရျှင်... ဒုက္ခ အကြီးအကျယ်ရောက်ပေတော့မည် ။
၁၉၂
တစ်နည်းအားဖြင့်လည်း ဒီသတင်းကိုကြားလိုက်ရ၍ ကျွန်ုပ်ဝမ်းသာမိသည်ကတော့ အမှန် ။ မသေးမျှင် ကို ကျွန်ုပ် အနိုင်ယူနိုင်ပြီ မဟုတ်ပါလား
ခေါ်လိုက်ပါဦး မင်းမောင် ဘိုးတော်ကို နေ့လွှမ်းကာစ... ဒဲ တမင်းအားဖို့...


နေပါဦး… မောင်ပိုးဇာက
ဘယ်နေ့ကစတွေ့ခဲ့တာလဲ
မနေ့ကလေ.. မနေ့ကရွာရောက်တော့
ဗိုးချုပ်လို့အခု မနက်မှသူကြီးကို
အကျိုးအကြောင်းပြော
ရတာ….
ဒါဆို… တခြားဘယ်သူတွေ
ကိုပြောပြီးပြီလဲ….
ဘယ်သူ့ကိုမှ
မပြောရသေး
ပါဘူး
အေး… ကောင်းတယ်
ဒီသတင်း ပေါက်ကြားသွားရင်
ဒီကောင်တွေ တစ်နည်း
တစ်ပုံပြောင်းလဲသွားနိုင်တယ်
ဒီတော့… ဘယ်လိုလုပ်
ကြမလဲ… ဦးတွတ်ပီ
၁၉၃


ဗိုက်ကလေးကို ဖမ်းပြီး သူကြီးခမ်းလိုက်ရင်ပေါ့ မှာပဲ... ကြားပါတယ် အခုပဲသွားရှာပြီး ဖမ်းမယ်...
နေဦးဗျ.. ဒီလိုအရမ်းလုပ်လို့မရဘူး.. သူတို့လိမ်ကြွက်ကိုတိတိကျကျ ဖော်ထုတ်နိုင်မှ.. နောက်ပြီးရွာမှာက.. ဗိုက်ကလေးမှဗိုက်ကလေး ဖြစ်နေတယ်...
ဒီတော့ ဒီကိစ္စဘယ်လိုလုပ်မလဲ
ဒီကိစ္စ.. ကျုပ်စဉ်းစားပြီး ညကျရင် ခင်ဗျားဆီလာခဲ့မယ်.. အဲဒီ အခါကျမှ အစီအစဉ်ကို ပြောပြမယ်...
အဲဒါ...ကောင်းတယ် ကောင်းတယ်
ခေါင်းကြီး အကြောင်းလည်း... သူ့ အမေကို မပြောရသေးဘူးပေါ့
အေးပေါ့ဗျ....သတင်း ပေါက်ကြားသွားလိမ့်မယ်...
၁၉၄

ကျွန်ုပ်မှာ စိုက်ကလေး တို့၏ လိမ်ကွက်ကြီး ကို ဖော်ထုတ်
နိုင်တော့မည်ဆိုတော့... အတူလက်တွဲခဲ့သောယောက်ဖ
တစ်ယောက်အနေနှင့် စိတ်မကောင်းသော်လည်း
သူတို့၏ လုပ်ရပ်ကို ရပ်တန့်နိုင်တော့မည့် အတွက်
ဝမ်းသာနေမိပြန်၏ ။












အခန်း (၉) အလိမ်တွေ ပေါ်ကုန်ပြီ




သူကြီး... ဗိုက်ကလေး တံနှားကိုရောက်တော့မယ်...
ကျုပ်.... သိပါတယ်ဗျ....
သိရင်... လက်နှိပ်မီးကြီး တကားကားနဲ့ လုပ်မနေနဲ့တော့လေ...
ကျုပ်... သိပါတယ်....
သူကြီးကား သိပါတယ် စကားတစ်ခွန်းနှင့်သာပြန်ဟောက်နေချေ၏။
ဟွန်း... သိပေမဲ့ မသိများမသိရင် သီချင်းတောင် အော်ဆိုမလားဘဲ
ကျွန်ုပ်မှာသူကြီး၏ အကြံအစည်ကို ယခု ညမှ သိရ၍ ထလိုက်ခဲ့ရသဖြင့် ဘာမှကြိုတင်ပြင်ဆင်ထားခြင်း မရှိတာ အမှန်ပင်တည်း။
၁၉၇


ဘကြီး... ဗိုက်ကလေးကို တွေ့ပြီတဲ့... ဘာလုပ်မလဲ
ဘာလုပ်ရမှာလဲဗျ... ဘူ့တံကို ရှာမယ်.... မသင်္ကာတာတွေရင် သိမ်းမယ်ဗျာ...
တစ်ခုတော့ရှိတယ် နော် ဘကြီး... မပိုင် ဘဲနဲ့တော့ ဘာမှ မလုပ်နဲ့...
ဟွန်း..ဟွန်း..
ဒီမှာ ဦးတွတ်ပီ... ကျုပ်ဒီရွာမှာအုပ် ချုပ်နေတဲ့... ဘကြီးပါဗျ... ခင်ဗျားက ကျုပ်ကို... ကြွက်ဦးနှောက်များထင် နေလား... ပုစွန်ဦးနှောက်ဗျ အ... မှားလို့... ဆင်ဦးနှောက်ဗျ ဦးနှောက်ကြီးတယ်...
ကျုပ်က မပိုင်ရင် ဘာမှ မလုပ်ဘူး ကျုပ်က..
ကြွားတော့ မယ်


ဝမ်းဆွဲသည် ဒေါ်ညက်ကို ဗိုက်ကလေးဆီကိုရွတ်ပြီး ဟောခိုင်းပြောခိုင်းတာမျ ကျုပ်တို့က အပြင်က အသာလေးချောင်း နားထောင်ပြီး
မသင်္ကာရင် ညှော်စာရင်းဝင်စမ်း... အား စကားကမှားကုန်ပြီ... မသင်္ကာရင် ဗိုက်ကလေးကို တစ်ခါတည်းဖမ်းပေါ်ခဲ့မှာရှင်းပြီ လား...
ဪ... ဒီလိုကိုး... ဒေါ်ချက်ကို ဟောခိုင်းပြောခိုင်းလို့သာမ မသင်္ကာစရာရှိမှာလဲ... ဒီ လိုပဲ ပြောနေမှာပေါ့...
ခက်တာပဲ... ဒေါ်ညက်က တစ်ခုခု ဝင်ပူးချင်ယောင် ဆောင်ပြီး... အဲဒါ... ခင်ဗျားကိုရှင်းပြနေရ တာနဲ့... အသံတွေကြား ကုန်ဦးမယ်... တိတ်တိတ် သာလိုက်ခဲ့...




မီးရောင်ဖြင့် ထိန်နေသော စိုက်ကာလေး တဲအတွင်း၌...ရှူး...
အယောက် နှစ်ဆယ်ခန့် ကို လှမ်းတွေ့လိုက်ရသည်။









ကျွန်ုပ်၏ကြောက်လန့်မှုကား ဆိုဖွယ်ရာမရှိ
တော့ချေ ။ မှောင်နေသော ညဉ့်အေး
ခက်နေသော လက်တစ်ဖက်အဘယ်မျှ
လိပ်ပြာလွင့်မတတ်ကြောက်လန့်ဖွယ်.....
ကောင်းသည်ကို တွေးဆသာကြည့်ပါတော့ ။
ကျွန်ုပ်ကိုအတန်ငယ်မျှ
ကြက်သေသေသွားပြီး
သူကြီး၏ထိတ်လန့်ဖွယ်ရာ
အသံကြီးက...ဖြုန်းခနဲထွက်
ပေါ်လာသည် ။
ကျူ....ကျွန်ုပ်က...လည်ကုတ်ကို
လ.....လက်အေးကြီး...က
လာကိုင်တယ်ဗျ...


သူကြီးက လက်နှိပ်ဓာတ်မီးဖြင့် ဟိုဟိုဒီဒီ လျှောက်ထိုးကြည့်သည်…ဘာမှမတွေ့…
သို့သော်…ကျွန်ုပ်လည်ကုတ်၌ စိုရွှဲနေသောရေစက်များက သက်သေခံနေချေပြီ။
ဟုတ်ပ…လည်ကုတ်မှာ…ရေတွေ..
အမှန်တကယ်တော့ ကျောချမ်းရောပင်။ သူကြီးကား ကျွန်ုပ် ကြောက်သွားသည်ကို မြင်လိုက်၍…ဟန် လုပ်ကာ။
စိတ်ထင်လို့ဖြစ်တာ ဘာသရဲ မရှိဘူး အခြေအနေကို ငြိမ်ငြိမ် ကြည့်နေကြ
ထိုအခိုက် မောင်ပိုးဇာဆီက



အား....အ...ခေါင်းပေါ်ကိုဘာ အရည်တွေလဲမသိဘူး...ကျ လာတယ်..
ဘူကြီးက လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်ရာ ။
မြင်ရသူအပေါင်းနှလုံးသွေး ရပ်မတတ် ချောက်ချားသွား ကြတော့၏ ။မောင်ပိုးဇာ ခေါင်းပေါ်၌ သွေးရည်များ ကား....တစ်ခေါင်းလုံးနီး ကျနေလေသတည်း ။
မောင်ပိုးဇာ....သူ့လက်ဖြင့် ခေါင်းပေါ်က သွေးတွေ ကိုသုတ်ယူကြည့်လိုက် သောအခါ ။
ဒ...ဒီ..
၂၀၃
မောင်ပိုးဇာမှာ တဂန်ဂန်အသံ ထွက်လာပြီး မြေပေါ်ပစ် ကျသွားလေ တော့၏


ဟာ....လုပ်ကြပါဦး လုပ်ကြပါဦး တက်....တက် သွားပြီ...
ဘကြီးကားမောင်ပိုးဇာ၏ အဖြစ်ကို ကြည့်ပြီး ဘာလုပ် ရမှန်းမသိဖြစ်နေသည်။
ကဲ...ကဲ....ဘကြီး...ဒီအတိုင်း ကြည့်နေလို့မဖြစ်ဘူး...ရွာပြန် သယ်သွားမှ....တော်တော်ကြာ ဒုက္ခရောက်လိမ့်မယ်..
ကျွန်ုပ်တို့လည်း တတ်နိုင်သလောက်....ခြေမ...ချိုး လက်မ.....ချိုးလုပ်သော်လည်း မောင်ပိုးဇာ အသက်ကားမကျ။
ငှက်တွေက ပျံရင်းသေတယ် လူတွေက...တက် ရင်းသေတယ်..
ကျွန်ုပ်တို့မောင်ပိုးဇာကို ဝိုင်းဝန်းပြုစုဖို့ နေခိုက် အနောက်ဘက်ရိုးပြတ် တောထဲမှ အရှိန်နှင့်ပြေး လာနေသောအရိပ်တစ် ခုကို ဖျတ်ခနဲ..တွေ့ လိုက်ရသည်။


မည်းမည်းသဏ္ဍာန်ကြီး ကားကြီးသွားလိုက် သေးသွားလိုက်နှင့်ကျွန်ုပ်တို့ အနီးသို့ ချဉ်းကပ်လာ၏။
သ..သရဲ ဒါ...ဒါမှ သရဲ..
အာနီးလေမှိုးကား ပုဆိုးကိုခြုံ၍ ပါးစပ်မှဘုရားစာကို ရွတ်ချေ၏။
အို...ကျွတ်ပါပြီ..ဘ..ဘဂဝါ သမ္ဗုဒ္ဓ...
ကျွန်ုပ်မှာအရေးကြုံပြီမို့ မှဆိုးတို့ နှလုံးသွင်းလိုက်ရတော့၏။သူကြီးလက်ထဲမှ ဓာတ်မီးကိုဆွဲယူ၍ ထို... မည်းမည်းသဏ္ဍာန်ကြီးကို ထိုးကြည့်လိုက်ရာ။
ဟင် ဘာမှမရှိ ပါလား


တွေ့လား....ဘာမှ မရှိပါဘူး
ကျွန်ုပ်ကား အောက်တင်ထော။ သော်လည်း အမှန်ဝင်စံ ရချွင် အတန်ငယ်တော့ ကျောစိမ့်မိ၏ ။
ပြောတော့ဖြင့် မုဆိုးတို့....နှလုံးသွင်း ထားတယ်လည်း ဆိုသေး
ကဲ....သူကြီး...မောင်ပိုးအောက်ကို ရွာကို အမြန်သယ်မှ...နောက် နေ့ကျမှ အစီအစဥ်ကျကျ လုပ်ပြီးပြန်လာမယ်...ဒီတစ်ခါ တော့....ကျုပ်စီစဥ် မယ်ဗျာ
ဘာလဲ....ကျုပ်စီစဥ်တာကို သဘောမကျလို့လား
ဟာ...ဒီလိုမဟုတ်ပါဘူး အခုလိုအနှောင့်အယှက်တွေ မရှိအောင် စီစဥ်ဖို့ပြောတာ


ကျွန်ုပ်လည်း သူကြီးကိုပြန်ပြော
မနေတော့ဘဲ....မောင်ပိုးအောကို
ပွေ့ကာ....ရွာထဲပြန်ခဲ့ကြသည်။
ရွာထိပ်နားသို့ရောက်သောအခါ
အနောက်မှလိုက်၍ဟောင်နေ
သောခွေးဟောင်သံကား....နား
မချမ်းသာစရာပင်တည်း။
ကျွန်ုပ်....နောက်ကိုလှည့်ကြည့်
လိုက်သောအခါ။
၂၀၇
နက်မှောင်နေသော....ခွေး
မည်းကြီးတစ်ကောင်ကို
တွေ့လိုက်ရသည်။


ခွေးကား ပိုမိုအတင့်ရဲကာ အမီလိုက်ကိုက်မည့်ဟန် ပေါ်နေ၏။ ကျွန်ုပ်လည်း အနီးရှိ မြေကြီးခဲကို ကောက်၍ ပစ်လိုက်သည်။
ချက်ကောင်းကို ထိမှန်သွား၍ တစ်ချက်သာ အော်နိုင်ပြီး နောက်ကြောင်းပြန်လှည့်ပြေးတော့သည်။
မှတ်ထားကွ လက်စ တည့်လို့ သေနတ်ကို ကိုင်ခွင့် ရခဲ့တာ....
ဒါ...ခွေးသရဲတော့ မဖြစ်နိုင်ဘူး ကိန် ကိန် အော်ပုံထောက်တော့ ခွေးသူခိုးပဲ ဖြစ်မယ်
၂၀၈
ကျွန်ုပ်တို့ ရွာထဲ ရောက်ပြီး မောင်ပိုးစာ ကို သူ့အိမ်ခေါ်သွား ၏။


မောင်ပိုးအာ မိန်းမတံခါး
အမှင့်...မြင်လိုက်ရသည့်
မြင်ကွင်းကြောင့်
ဟူ.. ကိုပိုးအာ
မငွေးကို အကျိုးအကြောင်း
ပြောပြီးအာနီးကိုဆေးဆရာကြီး
ဦးဧရာ ချမ်းဆီလွှတ်ရန်အပြင်...
အောင်မလေး
ဖြစ်ရလေ အခ်ကိုရဲ့
ဖြစ်ရလေ....လူပေါင်း
များလို့...ဟို....ဖြစ်
ရလေခြင်း...ဟင်း
ဟော.....မိငွေးဒီလိုမပြောနဲ့
သူ့ကိုကို့ခေါ်တာမဟုတ်ဘူး
သူကိုယ်တိုင်လိုက်ချင်လို့
ခေါ်တာ..အခု...ဦးဧရာချမ်း
ကိုသွားခေါ်မှာ...မပူနဲ့...
စိတ်မချဘူး
ဦးဧရာချမ်းလည်းခေါ်ရော
မလိုဘူး
၂၀၃
မိငွေး ကပြောပြောဆိုဆို...သူ့
ယောကျ်ား၏လည်ကုတ်ကိုဆွဲ
လိုက်ပေါင်ရင်းကြောကိုဆွဲ
လိုက်နှင့်ဘယ်အကြောကိုဘယ်
လိုထိသွားသည်မသိ။
ဟင်...
သက်ပြင်းချသံကြီးနှင့် အတူ
မောင်ပိုးအာ တစ်ယောက်
ပြန် သတိလည်လာတော့၏။
မငွေး
ပေတော့
အသက်ပဲ ရှိ
တော့တယ်


ကိုရင်ဝိုးဇာ သတိပြန်လည်လာသဖြင့် ကျွန်ုပ်တို့မှာ ဟင်း...ချ နိုင်တော့၏ ။
ဒါကြောင့်ပြောတာ....ကိုယ်မမြင်နိုင် မသိနိုင်တဲ့လောကကြီးကိုသွားစိန်ခေါ် တာကိုအသက်ပါမသွားတာကံကောင်း
မငွေးစကားကြောင့်တစ်ယောက် မျက်နှာတစ်ယောက်မသက်မသာ ကြည့်လိုက်မိချေ၏ ။
ညကလည်း နက်ချေပြီ...သူကြီးဘစိက အားမတန်မာန်လျှော့သံလေဖြင့် ။
ကဲ..ညည့်နက်နေပြီ...အိမ် ပြန်ပြီးအိပ်ကြတော့...နောက်နေ့မှ အကွက်ချပြီး စနစ်တကျလုပ်ရမယ်...
၂၁၀
ကျွန်ုပ်တို့လည်း အတွေးကိုယ်စီဖြင့်လမ်းခွဲကြချေတော့၏ ။


နောက်နေ့ညဦး....ကျွန်ုပ်တို့မကျေနပ်
ပွဲကြည့်မိုးရှိန် လူစု၍....ဗိုက်ကလေးဆီ
တဲသို့ တိတ်တဆိတ်သွားခဲ့ကြပြန်သည်။
တဲထဲမှာ....ဘာအရိပ်
အယောင်မှမတွေ့ဘူးကွ


ကျွန်ုပ်တို့.....တဲထဲ....ဝင်၍ဖိုက်ကလေး
ကို ရှာဖွေကြရာမတွေ့။ အုန်းမွဲ.....
ငှက်ပျောပွဲတွေပင်တွေ့ရ၏။
ကဲ....ဘယ်လိုလုပ်ကြမလဲ
မတွေ့တော့လည်း ဘယ်လို
လုပ်ရမလဲပြန်ရုံပေါ့
သူ့သတင်းကိုစောင့်
နားထောင်ရုံပေါ့ဗျာ....
ကျွန်ုပ်တို့မကျေနပ်စိတ်ကိုမျို
သိပ်ထားရသည်မှာ ကလေကလေ
ဖိုက်ကလေး ဘာလုပ်နေသလဲ
ဓားတင်မောင် မသေဘဲ ဘာ
ကြောင့် သေဟန်ဆောင်ရသလဲ..
ကျွန်ုပ်မှာအိပ်၍မပျော်....ဦးကိုခွကို
မသေအမျှင်အားပြော၍ မပြစ်
တစ်ရွာလုံးပေါက်ကြားသွားလျှင်
ကျွန်ုပ်တို့ အကြံအစည်ပျက်မည်။
မဟုတ်ခဲ့သော် ဖိုက်ကလေးနာမည်
ပျက်မည်။


ကျွန်ုပ်မှာ.....တပည့်ကြီး၏ သတင်းကားကောင်းသတင်း ဖြစ်ပါစေဟု ဆုတောင်းရ ချေ၏ ။
ကျွန်ုပ်မျှော်လင့်နေသောသတင်းကား ကောင်းသတင်းမဟုတ် ။သတင်းဆိုး အဖြစ် ကျွန်ုပ်တို့ကျိုတိုင်းရွာသို့ရောက် ရှိခဲ့ချေ၏ ။
သူကြီး ဘမိ၏ အမောတကော ပြေးကာပြောသောသတင်းဆိုးကား ရင်ဆို့စရာပင်တည်း ။
ဦးတွတ်ပီ....ဦးတွတ်ပီ ကဲ...ဦးတွတ်ပီရေ....ကျုပ်တို့ထင်ထား သလိုပဲဗျာ...
အခုမြိုင်သာကရဲ့တပ်သားတစ်ယောက် ရောက်လာတယ်...မြိုင်သာယာရဲ့စခန်းမှာ ဗိုက်ကလေးနဲ့ခေါတင်မောင်ရောက် နေတယ်တဲ့....အဲဒါကျုပ်တို့ လိုက်သွားကြရမယ်..
၂၁၃
ကျွန်ုပ်တို့မှာ....လူပျိုကြီး ခေါတင်မောင် အမေနှင့် ညီမ.....မေသိန်းတို့ကိုလည်း အကျိုးအကြောင်း ပြောရချေ၏ ။


ဒေါ်ကြီးအမေကား....ဝမ်းသာနေရှာ ပြန်သေး၏ ။
အောင်မလေး....ငှါသား မသေသေးဘူး..ဟုတ်လား အချုပ် ပဲကျကျ ထောင်ပဲကျကျ...မသေရင် တော်ပြီ.....
ဟာ
ဤသို့ဖြင့် အဝီးထော်လာကို ကိုစင်းလုံးငှါး၍ မြိုင်သာယာမြို့သို့ လိုက်ရချေတော့၏ ။
ဖြုန်း
မြိုင်သာ....ရဲစခန်းရောက်တော့အချုပ် ခန်းတွင်းမှ ဝိုက်ကလေးနှင့်ဒေါ်ကြီး ကိုမိတ်မကောင်းစွာတွေ့လိုက်ရချေ တော့၏ ။
ဝိုက်ကလေး....မင်းတို့ ဘယ်လိုဖြစ်ရတာလဲ ကွာ...


မိုက်ကလေးနှင့်ခေါတင်မောင်တို့ကားခေါင်းလေးတွေ ငုံ့လျက် ။ရဲတပ်ကြပ်ကြီးက....
သူတို့နှစ်ယောက်မြို့ပြင်သာယာ ချောင်ကိုး ခါးသောက်ဆိုင်မှာ မြို့ပြင်သာက ခေါတွန်းတို့အုပ်စုနဲ့ ရန်ဖြစ်ကြလို့ အချုပ်ထဲ ထည့်ထားတာ
ဟိုဘက်ကလူတွေက တော့ကြီးကြီး ကျယ်ကျယ်မထိခိုက်ပါဘူး သူတို့ ကမူးပြီးရန် သွားလို့ဖြစ်တာ....
ကျွန်ုပ်တို့မှာ....နှစ်ဦးနှစ်ဘက် အမှု ကျေအေးအောင်ဆောင်ရွက် ရတော့သည် ။ဆိုင်ကယ်ပျက် စီးမှုကိုလည်းလျော်ကြေး ပေးရလေသည် ။
ဆိုင်ကယ်ပစ္စည်းတွေနည်းနည်း ပါးပါးပျက်စီးသွားတယ် ဒါကြောင့် အုပ်ထိန်းသူတွေကိုလှမ်း ခေါ်ရတာပါပဲ....


ကိစ္စအားလုံးပြီး၍.....၂ရက်ခန့် ကြာသောအခါ....ဗိုက်ကလေး နှင့်ခေါင်မောင်တို့ကို...ခံဝန် လက်မှတ်ထိုး၍ လွှတ်လိုက်ရ တော့၏ ။
ထိုအခါမှ ကျွန်ုပ်တို့၏ပြောချင် သောစကား.....သိချင်သောစကား တို့ကို ရွာအပြန်လမ်းတော်လာ ဂျီပ်ပေါ်၌ခံရလေတော့သည် ။
ကဲ.....ပြောစမ်း....ခေါင်မောင်သေပြီဆိုတာရယ် မင်းက....သူတော်ခင် ဟန်ဆောင်ပြီး နေတာတွေဟာ ဘာသဘောလဲ....ပြောစမ်း...
ဗိုက်ကလေးကားခေါင်းငုံ့နေ ရာမှ...။
ဆိုင်ကယ်ရောဂါ ကြောင့်ပေါ့
ဘာ....ဆိုင်ကယ်ရောဂါ...မင်းတို့ ရှင်းရှင်းပြောစမ်းပါကွာ....နဂိုကမှ မင်းတို့ကြောင့် ဦးနှောက်ခြောက် နေရတာ....


သူတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်...ကြည့် လိုက်ကြပြီး...
ကဲပါ...ကျွန်တော် အစအဆုံးရှင်းပြပါမယ်
ဒီလိုပါ...ခေါကြီးနဲ့ကျွန်တော်က ဆိုင်ကယ်စီးချင်နေတော့ခေါကြီး က...မြင်သာယာ.....အသိတစ်ယောက် ဆီက...ဆိုင်ကယ်ကော ငှါးလာတာ သူ့အဖေဝယ်ပေးတာ မဟုတ်ဘူး....
အဲဒီနေ့က....ငွေလှတို့အရှေ့မှာ ဆုံတော့သူက ကျွန်တော့်ကို လိုက်ခဲ့ပါဆိုပြီး ဟိုဘက်ရွာက ပွဲဝိုင်းမှာ ဖဲသွားရိုက်တယ်..
ဒီမှာစိုက်ကလေး...ဒီဆိုင်ကယ်က ငှါးစီးလာတာ....အခုကြက်ဝိုင်းမှာ မင်းနဲ့ငါပေါင်းပြီး ရိုက်လိုက်ရင် ပိုက်ဆံရမယ်ဝိုင်းကကြေးကြီး တယ်.....ရိုက်မဲ့ကောင်က အရူးတွေ....


ကျွန်တော်လည်းသူ့စကားကိုယုံ
ပြီး....ခုထားတဲ့ပိုက်ဆံလေးတွေ
ယူပြီး လိုက်သွားတာပေါ့....ဟိုလည်း
ရောက်ရော ဝိုင်းကကောင်းတယ်...
ပထမနိုင်နေပြီ....။
နောက်.....ဆက်တိုက်ရှုံးတော့ ခေါ်ကြီး
ကာမခံချင်စိတ်နဲ့...ခေါ်ကြီးက....စီးလာတဲ့
ဆိုင်ကယ်ကိုပေါင်ပြီးရိုက်တော့တယ်
အဲဒီမှာလည်းရှုံးတာပေါ့....ဒီတော့
ဆိုင်ကယ်ပြန်ရွေးဖို့ပိုက်ဆံကလည်း
မရှိ...။
ဟီးဟီး...ဘယ်လိုလုပ်
ကြမလဲ...
ကျွန်တော်လည်းကြံရာမရတော့
နောက်ဆုံးဆိုင်ကယ်ကိုလုသွားတဲ့
ပုံစံမျိုးပေါက်အောင် တောထဲမှာ
အကွက်ဆက်ရတော့တာပေါ့ဗျာ...
ဆိုင်ကယ်ဘီးရာတွေကတော့
ပဲနိုင်ပြီး ဆိုင်ကယ်ကိုသိမ်းသွား
တဲ့....ထောက်ရှာရှိုးရှာက...ချစ်ဖုံး
တို့ညာဘက်ကြီးစီးသွားတဲ့ဘီးရာ
တွေပါ...
၁၈


ကျွန်တော့်လုံချည်တစ်ထည်အပို....သူ့ပေးပြီးခေါကြီးကိုရိုက်ရခဲ့တဲ့ ပုံစံမျိုးလည်းစီစဉ်ခဲ့တာပါ.....ဒါမှလည်း ပဲနိုင်သွားတဲ့ ချစ်အုံးတို့ကို ချောက်ကျအောင် လုပ်တာပေါ့။
ဒါပေမဲ့...ချစ်အုံးက....သူတို့ဧရိတ် နဲ့သူတို့မြိုင်ဘာသာရောက်ရော...ဆိုင် ကယ်ပိုင်ရှင်တွေ့ပြီးပြဿနာ တွေတက်လို့ ဆိုင်ကယ်ပိုင်ရှင် လက်ထဲပြန်ပေးလိုက်ရပြီလေ။
ခေါကြီး အလုခံရတဲ့ပုံစံမျိုး လုပ်ရင်းနဲ့....ဟိုဘက်ရွာက.... ကိုနိုင်ကပြောတော့မှရှုပ်ကုန် တယ်ဗျာ....ခေါကြီးကိုသေတယ် ဆိုပြီး...ယုံလိုက်ကြတယ်...ဒီ နေရာမှာ ကျွန်တော်က စဉ်းစား တယ်ဗျ။


ကုန်းဘောင်ရွာက....ဦးဖိုးစွအကြားအမြင်ဆရာကြီးကိုသွားသတိရလိုက်တယ်....ငွေကိုလွယ်လွယ်လေးနဲ့ရတာကိုမြင်ဖူးထားတော့...သူ့လိုလုပ်မယ်...ဆုံးဖြတ်ပြီး....။ပုတီးစိပ်...တရားထိုင်တဲ့ပုံစံလုပ်ယူရတာပေါ့။
ခေါကြီးကလည်းဆိုင်ကယ်ပဲရှိုးတော့တောထဲမှာနိုနေရတာ....ဒီတော့ကျွန်တော်က.....ဘုရားဘေးမှာတဲထိုးပြီးညကျရင်ခေါကြီးလာအိပ်လို့ရအောင်နားလို့ရအောင်ကြိုစည်ရတာပေါ့။
အဲဒီမှာပထမဆုံးခေါကြီးကိုအသုံးချမိပြီး....နာမည်ကြီးအောင် စလိုက်တာပါပဲ....လူတွေကလည်း....ယုံတယ်လေ....ယုံအောင်လည်းလုပ်ရတာပေါ့..။
ဥပမာ....နွားပျောက်သွားတဲ့ဦးလေးမြဆို...သူ့နွားကိုနေ့လည်ကတည်းကခေါကြီးကတောထဲမှာဖွက်ထားတာ။
၂၂၀


ကျွန်တော့်ကိုလာမေးတော့ မနက်ကျရင် ရောက်နေမယ်လို့ပြော
လိုက်တာ ခေါကြီးက...နွားကြီးကိုလွှတ်ပေးတော့နွားက....သူ့ရှည်တိုင်
သူပြန်သွားတာပေါ့....ဟုတ်ဖူးလား ။
မှုပါ..
ဒါနဲ့ သေတဲ့လူကို..ပြန်ခေါ်ပြီး စကားပြောတာက....
ဒါနဲ့ခေါကြီးကိုအကောင်အထည်ဖော် ပြတာကရော ။
ဒါကတော့...ခေါကြီးမျက်နှာကို ပေါင်ဒါမှုန့်လေးရိုက်...ရှေ့ကပိတ် မြူတာစ်ခုကာထားတာပေါ့...
ဒါကလွယ်ပါတယ်....ခေါကြီးကို နောက်ကွယ်ကနေ အသံတုနဲ့ ပြောနိုင်းတာပေါ့
ကောင်းကွာ....လူတွေ ကလည်း ယုံကြပါ...


မီးသွေးမီး မှိန်မှိန်နဲ့ဆိုတော့ တကယ်ထင်နေကြတာပေါ့..... ဒဲ့ဒီနောက်ဘက်မှာတွင်းတူးထားတော့....ငြီးလည်းငြီးရော...ဒေါကြီးက....တွင်းထဲဝင်ပုန်းလိုက်တာပေါ့...။
ညက်ကတော့....ကလေိနံကကျွမ်း နေပါပြီး....မီးခိုးတွေက...
လွယ်ပါတယ်...ဇာတ်ပွဲမှသုံးတဲ့ မီးခိုးလုံးလေးတွေကို ဝယ်ပြီးလုပ်တာပေါ့....
ဒီဆို မင်းခေါင်း ပေါ်မီးခွဲနေတာ ကရော
၂၂၂
ဟဲ...ဟဲ...တရားထိုင်ပြီး....ဟန် လုပ်နေတာ....ဖယောင်းတိုင်ပြုတ်ကျပြီး အင်္ကျီကိုမီးလောင်နေတာ.... ဆရာတွတ်မြင်လို့ပေါ့...


သိပါဘူး....တန်ခိုးတွေများထွက်နေပြီလားလို့....ကဲ....ဒါဆိုမင်းတို့ ကလိန်ကကျစ်လုပ်တဲ့ငွေ ဘယ်လောက်ရသလဲ...
ဟဲ....ဟဲ....သုံးသိန်းလောက် ရနေပြီ....
ဒါဆို...ဒီငွေ တွေကော.....
ဒီကောင်ဓောကြီး မြိုင်သာယာ ချိန်းဆိုင်းမှာသွားလုပ်တာလေ... ကုန်ရောဗျာ...အဲဒီနေ့က...စိတ်ညစ်ညစ်နဲ့အရက်မူးမူးနဲ့ပြီး ရန်ဖြစ်ကြတာ....ကျွန်တော်တို့ အကြံအစည်က...အဲဒီငွေနဲ့ ဆိုင်ကယ်ဝယ်နိုင်အောင်လုပ်မလို့...ခုတော့.....


ဪ......မင်းတို့ရဲ့ညက်နို
ညက်နက်တွေကတော့
အံ့ဩ....အံ့ဩ....အံ့ဩ...
တစ်ချိန်လုံး အံ့ကြိတ်ပြီးနားထောင်
နေသောသူကြီးဘစိကားတော်
လောကျိ ကြမ်းခင်းကို....ဝုန်းခနဲဆောင့်
လိုက်ပြီး။
ဦးကိန္ဒ....ဦးမယ်မပြီးဘူးဟေ့....
မင်းတို့နှစ်ယောက်ကိုထိတ်တုံး
ခတ်ရမယ်...
ရပ်သူရွာသားတွေကို ထင်ယောင်
ထင်မှားပြီးဖြစ်စေတာရယ်.....လူ
တွေဆီက....ပိုက်ဆံတွေ
ညာယူတာရယ်...
၂၂၄


နောက်ပြီး...ငါတို့တောင် သရဲခြောက်လွှတ်တာရယ် ဟော့.....အဝီး....မြန်မြန်မောင်း..ရွာရောက်တာနဲ့ အနီး......ဒီနွားကောင်ကိုထိတ်တုံးခတ်...
ဟော့.....ဦးတွတ်ပီ.....ကိုယ့် ယောက်ဖကို....ကိုယ်ဆုံးမထား ရမယ်.....နောက်နောင်ဒီလိုမျိုး ဖြစ်ရင် ခင်ဗျားပါ ထိတ်တုံး...
ကြားဖူးတယ်မဟုတ်လား သားသမီးမကောင်း....မိဘခေါင်း ယောက်ဖလေးမကောင်း ယောက်ဖကြီးခေါင်း ဆိုတာ.....
၂၂၆


ဒီနေ့ ကံမကောင်း
ပါလားနော်...